ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်၊ ကြာသပတေးနေ့၊ (4-9-2003) (၃၉၈၃)

ယနေ့ထုတ်စောင်ရေ ၂၀၉၅၃၄

ဒါနနှင့် တော် မင်္ဂလ မုတ္တမံ။

ပေးကမ်းလှူဒါန်းခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သံလွင်တံတား(မော်လမြိုင်)သို့မဟုတ် မြစ်သုံးဆိုင်မှ အိပ်မက်တံတားကြီး ၂၀၀၄ခုနှစ်တွင် အပြီးတည်ဆောက်မည်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ–ခရမ်းစိုးမြင့်(ကြေးမုံ)

ရန်ကုန် စက်တင်ဘာ ၃

သံလွင်မြစ်၊ ဂျိုင်းမြစ်၊ အတ္တရံမြစ်တို့၏ မြစ်သုံးဆိုင်ဆုံသော ဤနေရာတွင် ရေအလျဉ်တို့က တဝေါဝေါ မြည်လျက် တရကြမ်း စီးဆင်းနေသည်။ ထိုမြစ်သုံးဆိုင်တို့၏ ရေစီးကြမ်းကြမ်းထဲ၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တံတားတည်ဆောက်ရေး အဖွဲ့သားများသည် ခွဲ၊ လုံ့လ၊ ဝီရိယကြီးမားစွာ စွန့်စွန့်စားစားဖြင့် မွန်ပြည်နယ်အတွက် တံတားကြီးတစ်စင်းကို သံလွင်တံတား(မော်လမြိုင်) အမည်ဖြင့် တည်ဆောက်လျက် ရှိနေကြသည်။

ဤ မွန် ပြည် နယ် အ တွင်း မှ မော်လမြိုင်နှင့် မုတ္တမတို့သည် ရှေးယခင် နှစ်ပေါင်းများစွာကတည်းက

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❒

မြန်မာနိုင်ငံတွင် လက်ရှိအရှည်ဆုံးတံတားကြီးဖြစ်ပြီး ကားလမ်းနှစ်လမ်း၊ ရထားလမ်းနှင့် လူသွားလမ်း တစ်ဖက်တစ်လမ်း ပါဝင်သည့် သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ပြီးစီးမှုကို မော်လမြိုင်ဘက်ကမ်း၌ ဤသို့တွေ့ရသည်။ (ယင်းတံတားကြီး တည်ဆောက်ပြီးစီးပါက ရထားနှင့်ကားတို့ဖြင့် ရန်ကုန်–မော်လမြိုင်–မြိတ်–ကော့သောင်းအထိ တောက်လျှောက် သွားရောက်နိုင်ကြတော့မည် ဖြစ်သည်။)

(ဓာတ်ပုံ–ခရမ်းစိုးမြင့်–ကြေးမုံ)



ကန်တော်ကြီးဥယျာဉ် အဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်နေသည့် နုန်းဆယ်စက်ကို တွေ့ရစဉ်။

ဓာတ်ပုံ–ခင်မောင်ဝင်း(ကြေးမုံ)

ရန်ကုန်ကန်တော်ကြီးဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ် အဆင့်မြှင့်တင်

သတင်းဆောင်းပါး–ဌေးကြည်၊ ဓာတ်ပုံမှတ်တမ်း–ခင်မောင်ဝင်း(ကြေးမုံ)

ရန်ကုန် စက်တင်ဘာ ၃

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စက်တင်ဘာ ၁ ရက် ညနေပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကန်တော်ကြီးရှိ မြေပဒေသာကျွန်းနှင့် ဗိုလ်ချုပ်ပန်းခြံတို့သို့ သွားရောက်၍ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ် အဆင့်မြှင့်တင်ရေး စီမံကိန်း တည်ဆောက်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ကြေးမုံသတင်းအဖွဲ့သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူတည်ဆောက်နေသည့် Relaxation Zone အဆင့်မြှင့်ရေး ဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ သွားရောက်ကာ တာဝန်ရှိသူများအား

စာမျက်နှာ ၂ ကော်လံ ၃ သို့ ❀

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

4-9)KM.P65 1 9/4/03, 12:23 AM

ကြေးမုံ The Mirror
၄-၉-၂၀၀၃
(ကြာသပတေးနေ့)

မြို့တော်ဝန်းကျင် စိုက်ပျိုးရေးနှင့် စိမ်းလန်းစိုပြည်ရေး စနစ်တကျ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်

ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာအဆင့်မီ မြို့တော်ကြီးများ၏ အင်္ဂါရပ်များနှင့်လျော်ညီစွာ ဖြစ်ထွန်းလာစေရန် သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့က ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့တော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ ရန်ကုန်မြို့ မိုင် ၃၀ပတ်လည်တွင် စိုက်ပျိုးရေးကို အဓိကထားအခြေခံပြီး စိမ်းလန်းစိုပြည်စေရေး စီမံဆောင်ရွက်သွားရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ကို အကောင်အထည်ဖော် ကြိုးပမ်းလျက်ရှိခြင်းဖြစ်သည်။

ရန်ကုန်မြို့တော်မိုင် ၃၀ ပတ်လည် စပါးနှင့်အခြားသီးနှံစိုက်ပျိုးရေး နှစ်ပတ်လည်စိမ်းလန်းစိုပြည်ရေး ညှိနှိုင်းအစည်းအဝေးကို ဩဂုတ်လ ၃၁ရက်နေ့က ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆွေးနွေးမှာကြားရာတွင် **စီမံကိန်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေးအတွက် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ စီမံကွပ်ကဲမှုဖြင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရမည့် နိုင်ငံတော်အစိုးရဌာနများ၊ ပံ့ပိုးကူညီရမည့် နိုင်ငံတော်အစိုးရဌာနများ စနစ်တကျညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားကြရန်** ပြောကြားခဲ့သည်။

ရန်ကုန်မြို့ မိုင် ၃၀ ပတ်လည် စိုက်ပျိုးရေးနှင့်စိမ်းလန်းစိုပြည်ရေးစီမံကိန်းသည် ရန်ကုန်တိုင်း စပါးသီးနှံစိုက်ပျိုးရေး အတွက် အကျိုးကျေးဇူးများစွာဖြစ်ထွန်းစေမည့် စီမံကိန်းကြီးတစ်ခုဖြစ်သည်။ အဆိုပါ စီမံကိန်းသည် ကြီးမားသောဆည်တမံကြီးများ တည်ဆောက်ပေးရန် မလိုအပ်ဘဲ တည်ရှိပြီးဖြစ်သော ရေသွယ်တူးမြောင်းများ၊ ရေထိန်းတံခါးများ၊ ဆည်တမံအသေးစားများကို လိုအပ်သည့် ဒေသများတွင် စနစ်တကျဆက်စပ်တည်ဆောက်ပေးရုံမျှဖြင့် အချိန်တိုကာလအတွင်း လယ်မြေဧက လေးသိန်းကျော် တိုးတက်ဖြစ်ထွန်းလာနိုင်မည်ဖြစ်သည်။

ရန်ကုန်မြို့ဝန်းကျင်တွင် အဆိုပါ စီမံကိန်းကြီးအောင်မြင်အကောင်အထည်ပေါ်လာသည်နှင့် နွေရာသီတွင် လယ်မြေဧကလေးသိန်းကျော်တိုးတက်စိုက်ပျိုးလာနိုင်မည်ဖြစ်သည်။ ထို့အပြင် ယခင်က မိုးရာသီတွင်သာ စပါးစိုက်ပျိုးဖြစ်ထွန်းခဲ့သည့် သန်လျင်၊ ခရမ်း၊ သုံးခွ၊ ကျောက်တန်းမြို့နယ်များတွင် ရာသီမရွေးသီးနှံများ စိုက်ပျိုးဖြစ်ထွန်းလာမည်ဖြစ်သည်။

ရန်ကုန်တိုင်းအတွင်း စိုက်ပျိုးနိုင်သည့် မြေဧကကိုးသိန်းကျော်ရှိသည့်အနက် ယခုနှစ်မိုးရာသီတွင် အပြည့်အဝနီးပါး စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။ ကျန်ရှိနေသည့် ဧကနှစ်သောင်းခန့်ကို စိုက်ဧကအပြည့်အဝစိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သစ်တောရေးရာဝန်ကြီးဌာနက ရန်ကုန်မြို့တော် မိုင်၃၀ပတ်လည် စိမ်းလန်းစိုပြည်ရေးအတွက် လမ်းဘေးဝဲယာတစ်လျှောက်တွင် တစ်အုပ်တစ်မစိုက်ခင်းများစိုက်ပျိုးလျက်ရှိသည်။ ရန်ကုန်-ပဲခူးခြောက်လမ်းသွားလမ်းမကြီးနှင့် ရန်ကုန်-ပုသိမ် ခြောက်လမ်းသွားလမ်းမကြီးများ၌ ကျွန်းပင်အပါအဝင် အရိပ်ရပင်များစိုက်ပျိုးလျက်ရှိသည်။

ပို့ဆောင်ရေးဝန်ကြီးဌာနက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အဝင်၊ လေဆိပ်ဝန်းကျင်နှင့် လေယာဉ်ပြေးလမ်းဘေး တစ်လျှောက် စိမ်းလန်းစိုပြည်ရေးတို့အတွက် အရိပ်ရပင်၊ အလှပင်၊ နှစ်ရှည်ပင်များကို စိုက်ပျိုးလျက်ရှိသည်။

အလားတူ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကလည်း ရန်ကုန်မြို့တော် မိုင် ၃၀ ဝန်းကျင် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက်မြို့တော်၏ဧရိယာအတွင်း အရိပ်ရပင်၊ ပန်းအလှပင်နှင့် တောအုပ်စိုက်ခင်းများ ပျိုးထောင်စိုက်ပျိုးလျက်ရှိပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်လည်စိုက်ပျိုးရေးနှင့် စိမ်းလန်းစိုပြည်ရေး စီမံကိန်းကြီး အောင်မြင်ဖြစ်ထွန်းရေးအတွက် သက်ဆိုင်ရာဌာနများအလိုက် တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းများကို စနစ်တကျ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား
★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကန်တော်ကြီးဥယျာဉ် အဆင့်မြှင့်တည်ဆောက်မှု လုပ်ငန်းခွင်အတွင်း စည်ပင်သာယာရေး ဝန်ထမ်းများက အချိန်မီပြီးစီးရေး ဤသို့ဆောင်ရွက်လျက်ရှိကြသည်။ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

❀ ရန်ကုန်ကန်တော်ကြီးဥယျာဉ်မှ

သွားရောက်တွေ့ဆုံကာ တည်ဆောက်မှုအခြေအနေများကို သွားရောက်မေးမြန်းခဲ့ပါသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် ကစားကွင်းဌာနမှ ဌာနမှူးဖြစ်သူ ဦးညွန့်ဖေက "ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ်အဆင့်မြှင့်ရေးကို ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး ဝန်ကြီးဌာနပေါင်းစုံက ပါဝင်လုပ်ဆောင်နေကြပါတယ်။ ပါဝင်ကြတဲ့ ဝန်ကြီးဌာနများကတော့ သစ်တောရေးရာဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် ကျွန်တော်တို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ ပါဝင်ကြပါတယ်။ ပုဂ္ဂလိကပိုင်း အနေနဲ့တော့ Wood Landကုမ္ပဏီမှ ဦးဝင်းအောင်နှင့် ဇေကမ္ဘာဒေါက်တာခင်ရွှေတို့လည်း ပါဝင်ကြပါတယ်။

ကန်တော်ကြီးဥယျာဉ်အဆင့်မြှင့်ရေးနှင့် ပတ်သက်ပြီး ဇုန်လေးဇုန်ခွဲထားပါတယ်။ Recreation Zone ကတော့ ကရဝိက်ဟိုတယ်ရှိတဲ့နေရာဖြစ်ပြီး ဒေါက်တာခင်ရွှေက တာဝန်ယူဆောင်ရွက်မှာဖြစ်ပါတယ်။ကျွန်တော်တို့ စည်ပင်သာယာရေးကော်မတီကတော့ Relaxation Zone ဖြစ်ပါတယ်။ စိုက်ပျိုးရေး မြေပဒေသာကျွန်းနေရာကတော့ Education Zone ဖြစ်ပြီး မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒီဇုန်ပြီးတော့ Central Symbol Zone ကိုတော့ သစ်တောရေးရာဝန် ကြီးဌာနက တာဝန်ယူဆောင်ရွက်ပါတယ်။

ကျွန်တော်တို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တာဝန်ယူထားတဲ့ Relaxation Zone ကို ယခုလက်ရှိ ဆောင်ရွက်နေတာကတော့ ခြံစည်းရိုးအသစ်တွေ ကာမယ်၊ Landscapeအသစ်တွေလုပ်မယ်၊ ကလေးကစားကွင်းအသစ် တွေလုပ်မယ်၊ ငါးပြတိုက်အသစ် ဆောက်ပါ့မယ်၊ ကျွန်တော်တို့အနေနဲ့ လောလောဆယ် အကောင်အထည်ဖော် နေတာတော့ ဒါလောက်ပဲဖြစ်ပါသေးတယ်"ဟုကြေးမုံသို့ ရှင်းပြသည်။

ထို့နောက် မိမိတို့ ကြေးမုံအဖွဲ့သည် Relaxation Zone အတွင်း လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ သွားရောက်၍ ဓာတ်ပုံများရိုက်ကူးခဲ့ကာ လုပ်ငန်းခွင်မှ ပြန်လည်ထွက်ခွာခဲ့ကြသည်။ ။ (ကြေးမုံ)

ပန်းဥယျာဉ်နှင့် ကစားကွင်းဌာန ဌာနမှူး ဦးညွန့်ဖေက ကန်တော်ကြီးဥယျာဉ်အဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ကြေးမုံသို့ ရှင်းလင်းပြောကြားစဉ်။
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

ကန်တော်ကြီးဥယျာဉ် အဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း Landscape တည်ဆောက်နေကြစဉ်။ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

ဒါတွေကို သိဖို့လိုတယ်

* မြောက်တိုင်းလည်း မမြောက်နဲ့
* ခြောက်တိုင်းလည်း မကြောက်နဲ့
* ချော့တိုင်းလည်း မပျော့နဲ့

ရန်ကင်း ပြန်/ဆက် နယ်လှည့်စာကြည့်တိုက်ဖွင့်

ရန်ကုန် စက်တင်ဘာ ၃

ရန်ကင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နယ်လှည့်စာကြည့်တိုက် ဖွင့်ပွဲကို ဩဂုတ် ၂၃ရက်က ရန်ရှင်းလမ်းနှင့် စက်မှု(၁)လမ်းထောင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်တင်တင်ဌေးက စာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ဟောပြော၍ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ယုယုလွင်က နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

(က-ပ)

ဘာသာရေးမြို့နာဂျက်ဖ်မှ ဗုံးဖောက်ခွဲတိုက်ခိုက်မှု ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ပြစ်တင်ရှုတ်ချ

နာဂျက်ဖ် စက်တင်ဘာ ၁

နာဂျက်ဖ်မြို့ အီမန်အလီဗလီအပြင်ဘက်၌ကားဗုံးဖောက်ခွဲစဉ်က ရှီးယားထိပ်တန်း မွတ်စလင်ခေါင်းဆောင် အယာတိုလာမိုဟာမက်အယ်ဟာကင်မ် အပါအဝင်လူပေါင်း ၈၀ခန့် သေဆုံးပြီး လူ ၁၀၀ကျော် ဒဏ်ရာရရှိ ခဲ့သည်။ နှစ်ပေါင်း ၂၀အတွင်း အရှေ့အလယ်ပိုင်းဒေသတွင် လူအသေအပျောက်အများဆုံး တိုက်ခိုက်မှုတစ်ခုဖြစ်ပြီး ယင်းသို့ တိုက်ခိုက်ခြင်းကို မည်သူ့လက်ချက်ဟူ၍ မည်သည့်အဖွဲ့ကမျှ ထုတ်ဖော်ကြေညာခြင်းမရှိသေးပေ။

အမေရိကန်နိုင်ငံအနေဖြင့် လက်သည်ကို ကူညီရှာဖွေပေးမည်ဖြစ်ကြောင်း အမေရိကန်သမ္မတဘုရှ်က ထုတ်ဖော်ကြေညာစဉ် ထိုသို့ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အေးချမ်းတည်ငြိမ်မှုကို ထိန်းသိမ်းကြရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က မေတ္တာရပ်ခံလိုက်သည်။

ယခုဗုံးခွဲမှုတွင် သေဆုံးသွားသော အယာတိုလာမိုဟာမက်ဟာကင်မ် အနှစ် ၂၀ကြာ သွားရောက်ခိုလှုံခဲ့သည့် အီရန်နိုင်ငံက ယင်းသို့ဗုံးခွဲတိုက်ခိုက်ခြင်းကို ပြစ်တင်ရှုတ်ချလိုက်သည်။ သို့သော် အမေရိကန်ဦးဆောင်သည့် တပ်များက အီရတ်တွင် လုံခြုံရေးတာဝန်ယူရန် ပျက်ကွက်သည့်အတွက် ထိုတပ်များတွင် တာဝန်မကင်းကြောင်း အီရန်က ကြေညာသည်။

ဤဗုံးခွဲမှုမှာ အီရတ်နိုင်ငံတွင် တတိယမြောက် အကြီးအကျယ်ဆုံး ဗုံးခွဲတိုက်ခိုက်မှုဖြစ်သည်။ လူပေါင်း ၂၃ဦး သေဆုံးရသည့် ဘဂ္ဂဒက်မြို့တော်ရှိ ကုလသမဂ္ဂအဖွဲ့ရုံးချုပ်ကို ဗုံးဖောက်ခွဲပြီးနောက် ရက်သတ္တပတ်ကျော်တွင် ယင်းသို့ ဖောက်ခွဲ ခြင်းဖြစ်သည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က အပြင်းထန်ဆုံး စကားလုံးများသုံးကာ ပြစ်တင်ရှုတ်ချလိုက်ကြောင်း ၎င်း၏ ပြောရေးဆိုခွင့်ရှိသူက ပြောဆိုသည်။

အီရတ်ရှိ နိုင်ငံရေးနှင့် ဘာသာရေးအုပ်စုများအနေဖြင့် တိုက်ခိုက်မှုနှင့် လက်တုံ့ပြန်မှုများ ထပ်မလုပ်ကြရန်လည်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က တိုက်တွန်းကြောင်း ၎င်းက ပြောဆိုသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ တီကရစ်မြို့ မြောက်ဘက်ရှိ ခဲယမ်းမီးကျောက် သိုလှောင်ရုံတွင် ဆက်ဒမ်ဟူစိန် အစိုးရ ပိုင်ဆိုင်ခဲ့သော အက်စ်အေ-၂ အမျိုးအစားမြေပြင်မှ ဝေဟင်ပစ် အသုံးမပြုရသေးသောဒုံးကျည်တစ်လုံးအနီး၌အမှတ်-၄ ခြေလျင်တပ်မမှ စစ်သည်နှစ်ဦး စောင့်ကြပ်လျက်ရှိစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကုလသမဂ္ဂဝန်ထမ်းများ ရုပ်သိမ်းရေး တာဝန်ရှိသူများက စဉ်းစားလာရပြီ

နယူးယောက် စက်တင်ဘာ ၂

ပြီးခဲ့သည့် သီတင်းနှစ်ပတ်က အီရတ်ရှိ ကုလသမဂ္ဂအဆောက်အအုံ ဗုံးခွဲခံရရာ ကုလသမဂ္ဂအထူးသံအမတ်ကြီး ဆာဂျီယိုဒီမဲလိုအပါအဝင် လူ ၂၂ဦး သေဆုံးသွားခဲ့ရပြီးနောက် လုံခြုံရေးအခြေအနေများကို လေ့လာဆန်းစစ်မှု ပြုလုပ်ခဲ့ကြောင်း၊ ထိုလေ့လာဆန်းစစ်မှုအရ ကုလသမဂ္ဂဝန်ထမ်းများကို အီရတ်မှ ပြန်လည်ရုပ်သိမ်းရန် စဉ်းစားနေပြီဖြစ်ကြောင်း ကုလသမဂ္ဂတာဝန်ရှိသူများက ပြောကြားကြသည်။

ကုလသမဂ္ဂလုံခြုံရေးညှိနှိုင်းရေးမှူး ထွန်းမြတ်သည် အီရတ်သို့သွားရောက်ခဲ့ပြီး လုံခြုံရေးကိစ္စများကို ဆောင်ရွက်ကာ ၎င်း၏အစီရင်ခံစာကို လုံခြုံရေးကောင်စီတွင် တင်ပြဆွေးနွေးမည်ဖြစ်သည်။ အသေခံဗုံးခွဲမှု မဖြစ်ပွားမီအချိန်အထိ စစ်ကြောင့် ပျက်စီးနေသော အီရတ်နိုင်ငံတွင် ကုလသမဂ္ဂဝန်ထမ်း ၆၀၀ကျော် တာဝန်ထမ်းဆောင်လျက်ရှိသည်။

ယခုသီတင်းပတ်မှစ၍ ကုလသမဂ္ဂအရာထမ်းများသည် အီရတ်နိုင်ငံမှ ထွက်ခွာလျက်ရှိပြီးနောက်ပိုင်းတွင် ဝန်ထမ်းတစ်ဒါဇင်ခန့်သာ အီရတ်၌ ချန်ထားမည်ဟု မျှော်လင့်ရကြောင်း အရာရှိများက ဆိုသည်။

ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက်ပိုင်းတွင် ကြက်ခြေနီနှင့် ဗြိတိန်မှ အောက်စဖမ်းအဖွဲ့များ အပါအဝင် ကယ်ဆယ်ရေးအေဂျင်စီများသည် အီရတ်မှ စတင်ထွက်ခွာနေကြပြီဖြစ်သည်။

လတ်တလောဖြစ်ပေါ်နေသော အခြေအနေများကြောင့် အီရတ်နိုင်ငံတွင် လူသားချင်းစာနာသော အကူအညီပေးရေးကိစ္စများ ဆက်လက်ဆောင်ရွက်နိုင်ရေးမှာ ဖြစ်နိုင်ပါဦးမည်လောဟု မေးစရာဖြစ်လာသည်။ ***အင်တာနက်။***

နာဂျက်ဖ်ကားဗုံးကွဲမှုတွင် ပါဝင်ပတ်သက်မှုမရှိ ဆက်ဒမ်ဟူစိန်၏ အသံသွင်းတိပ်ခွေ၌ ဖော်ပြ

ဒူဘိုင်း စက်တင်ဘာ ၂

ထိပ်တန်းမွတ်စလင်ဘာသာရေး ခေါင်းဆောင်တစ်ဦး သေဆုံးခဲ့သည့် နာဂျက်ဖ်မြို့တွင် လွန်ခဲ့သောရက်သတ္တပတ် ဗုံးပေါက်ကွဲမှု၌ မည်သည့်အခန်းကဏ္ဍကမျှ ပါဝင်ပတ်သက်ခြင်းမရှိကြောင်း ရာထူးမှဖယ်ရှားခံရသည့် ဆက်ဒမ်ဟူစိန်အသံသွင်းထားသော စကားပြောတိပ်ခွေကို အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားဌာနက တနင်္လာနေ့တွင် ထုတ်လွှင့်ပြသလိုက်သည်။

စွပ်စွဲ

ကျူးကျော် ဝင်ရောက်သူများက ရှီးယားမွတ်စလင်ခေါင်းဆောင်ဟာခင်မ် သတ်ဖြတ်မှုခံရပြီးနောက် သတ်ဖြတ်မှုတရားခံသည် ဆက်ဒမ်ဟူစိန်၏ နောက်လိုက်များဖြစ်သည်ဟု သက်သေအထောက်အထား မရှိဘဲနှင့် စွပ်စွဲပြောကြားကြောင်း တိပ်ခွေမှ အသံရှင်က ပြောကြားထားသည်။

အပြစ်တင်ထား

အမေရိကန်နှင့် အမေရိကန်ခန့်အပ်သော အီရတ်အုပ်ချုပ်ရေးကောင်စီဝင်များက ဖော်ပြပါ ဗုံးဖောက်ခွဲမှုသည် ဆက်ဒမ်ဟူစိန်နှင့် ၎င်း၏သစ္စာတော်ခံများ လက်ချက်ဟု အပြစ်တင်ထားသည်။

သို့ရာတွင် ဟာခင်မ်၏ အလယ်အလတ်ကျသည့် နိုင်ငံရေး ရပ်တည်ချက်ကို ဆန့်ကျင်သည့် ရှီးယားမွတ်စလင်များ၏ လက်ချက်ဟု အချို့သော ပိုင်းခြားဝေဖန်သူများက ပြောကြားကြသည်။

အာဝဇ္ဇန်းရှင်ရှင်

ရိုက်တာသတင်းဌာနက ယင်းတိပ်ခွေအသံသွင်းမှု စစ်မှန်မှုရှိ၊ မရှိကို အခိုင်အမာ ထုတ်ဖော်ပြောကြားခြင်း မရှိပေ။ ၎င်းတိပ်ခွေ၏ အသံရှင်၏ အသံမှာ ဆက်ဒမ်ဟူစိန်နှင့်ဆင်တူပြီး အာဝဇ္ဇန်းရှင်ရှင်ဖြင့် ထူးထူးခြားခြား ပြောကြားသွားသည်။

ထမင်းရည်ပူလျှာလွှဲ

မွတ်စလင်များအနေဖြင့် ဖော်ပြပါ စွပ်စွဲချက်များအား ဟုတ်၊မဟုတ် ဂရုစိုက်ချင့်ချိန် ကြည့်ဖို့လိုကြောင်း အသံရှင်က တိုက်တွန်းထားသည်။ အမေရိကန်တို့သည် မည်သည့်သက်သေမျှ မရသေးမီ အလျင်စလို စွပ်စွဲခြင်းဖြစ်ကြောင်း၊ မိမိလုပ်သည်ကို ထမင်းရည်ပူ လျှာလွှဲလို၍ ယင်းသို့ ပြုလုပ်ခြင်းလော သို့မဟုတ် ကတုံးကတိုက် စွပ်စွဲချင်၍လော၊ စွပ်စွဲမှုများနှင့် စုံစမ်းစစ်ဆေးမှု၏ အသေးစိတ်အချက်အလက်များကို ၎င်းတို့ပြည်သူသို့ တင်ပြရန် တာဝန်ရှိကြောင်း အဆိုပါတိပ်ခွေတွင် ပြောကြားသွားသည်။

အဆိုပါတိပ်ခွေမှာ အသံရှင်က အီရတ်နိုင်ငံသိမ်းပိုက်ရေး ပြည်ပတပ်များနှင့် ၎င်းတို့နှင့် ကြံရာပါများအား အရှိန်တိုးမြှင့်၍ တိုက်ပွဲဝင်ရန် အီရတ်နိုင်ငံသားများအား နှိုးဆော်ထားသည်။

ဗုန်းဗုန်းလဲအောင်

သူရဲကောင်းများအနေဖြင့် မည်သည့်နေရာဒေသမှလာပြီး မည်သည့်လူမျိုးဖြစ်ဖြစ် ပြည်ပကျူးကျော်သူများအား ရဲရဲရင့်ရင့်ဖြင့် ဗုန်းဗုန်းလဲအောင် အရှိန်မြှင့် တိုက်ခိုက်ကြရန် ၎င်းအသံရှင်က လှုံ့ဆော်ထားသည်။***အမ်အင်အေ၊ရိုက်တာ။***

နိုင်ငံတကာ သတင်းများ

အီရတ်နိုင်ငံသည် နိုင်ငံခြားတပ်ဖွဲ့များအတွက် သင်္ချိုင်းမြေဖြစ်ဟုဆို

ဘဂ္ဂဒက် စက်တင်ဘာ ၂

အီရတ်နိုင်ငံသည် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သည့် နိုင်ငံခြားတပ်ဖွဲ့များအတွက် သင်္ချိုင်းမြေဖြစ်ကြောင်း အယ်ဆာ မာဒီ အယ်လ်မာအာတီဟုခေါ်သည့် အဖွဲ့တစ်ဖွဲ့က ဗီဒီယိုတိပ်ခွေမှတစ်ဆင့် သတိပေးလိုက်သည်။

ကိုယ်စားမပြု

အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်ကို အမေရိကန်တပ်ဖွဲ့များက ဖမ်းဆီး၍ ရမည်မဟုတ်ကြောင်း အဆိုပါအဖွဲ့က ပြောကြားသည်။ ထို့အပြင် အစိုးရသစ်သည် အီရတ်ပြည်သူများကို ကိုယ်စားမပြုကြောင်းလည်း ဆက်လက်ပြောကြားခဲ့သည်။ ***စီစီတီဗွီ။***

စီးရီးအေ ဘောလုံးပြိုင်ပွဲကို အီတလီနိုင်ငံ အင်ကွန်နာတွင် စက်တင်ဘာ ၁ ရက်ကကျင်းပရာ အေစီမီလန်အသင်းမှ ဆာဂီနို(ယာ)က အင်ကွန်နာအသင်းမှ ဆယ်လ်ဗာတိုရပ်ဆိုနှင့် ဘောလုံးယှဉ်လုနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗြိတိသျှလက်နက်ပါရဂူ အဆုံးစီရင်မှု ကျန်ရစ်သူဇနီးက သက်သေထွက်ဆို

လန်ဒန် စက်တင်ဘာ ၂

ဗြိတိသျှအစိုးရ၏ လက်နက်ပါရဂူ ဒေါက်တာကယ်လီ ၎င်းကိုယ်၎င်း အဆုံးစီရင်သွားခြင်းသည် ၎င်း၏ နောက်ဆုံးနေ့ရက်များကို ပုံဖော်ပေးသော မျှော်လင့်ချက်ကုန်ဆုံးခြင်းနှင့် သစ္စာဖောက်ခံရခြင်းတို့ကြောင့် ဖြစ်ကြောင်း ဒေါက်တာကယ်လီ၏ ဇနီး ဂျင်းနစ်ကယ်လီက တနင်္လာနေ့တွင် သက်သေထွက်ဆိုသည်။

အကျပ်အတည်းတစ်ရပ်

ဒေါက်တာ ကယ်လီသေဆုံးရမှုသည် ဝန်ကြီးချုပ်တိုနီဘလဲ၏ အစိုးရအဖွဲ့အား အကျပ်အတည်းတစ်ရပ် အတွင်းသို့ ရောက်ရှိစေခဲ့သည်။

သက်သေထွက်ဆို

ဒေါက်တာ ကယ်လီသေဆုံးမှုနှင့် ပတ်သက်၍တရားသူကြီးလော့ဒ်ဟက်တန် ဦးဆောင်သောအဖွဲ့က စုံစမ်းစစ်ဆေးမှုများပြုလုပ်ရာတွင် ဂျင်းနစ်ကယ်လီက အထက်ပါအတိုင်း သက်သေထွက်ဆိုခြင်းဖြစ်သည်။

ယင်ကောင်တစ်ကောင်

မိမိ၏ခင်ပွန်းသည်သည် အီရတ်နှင့် ပတ်သက်၍ ဘီဘီစီသတင်းဌာနအား အဓိက သတင်းပေးသူဖြစ်သည်ဟု အစိုးရက အတည်ပြုပြောကြားခဲ့ခြင်းအတွက် စိတ်သောက ရောက်ခဲ့ရကြောင်း၊ ဒေါက်တာကယ်လီသည် အီရတ်စစ်ပွဲဘက်မှ ထောက်ခံခဲ့သူဖြစ်လင့်ကစား အစိုးရအဖွဲ့က ၎င်းကို ယင်ကောင် တစ်ကောင်ကဲ့သို့ အမှုမထားသည့် အနေအထားမျိုး ပြသခဲ့ခြင်းကြောင့် စိတ်ဆင်းရဲခဲ့ရကြောင်း ဂျင်းနစ်ကယ်လီက ပြောကြားသည်။

ဒေါက်တာကယ်လီအား သတင်းပေါက်ကြားသူအဖြစ် အစိုးရအဖွဲ့က လူသိရှင်ကြား ပြောဆိုခဲ့ခြင်းကြောင့် သူ့အနေဖြင့် သစ္စာဖောက်ခံရသူ၏ ခံစားချက်မျိုးကို ခံစားခဲ့ရကြောင်း ဂျင်းနစ်ကယ်လီက ပြောကြားသည်။ ဂျင်းနစ်ကယ်လီသည် မီဒီယာသမားများ၏ မေးမြန်းမှုများမှ ရှောင်လွှဲနိုင်ရန် ဗီဒီယိုကွန်ဖရင့်မှ တစ်ဆင့် သက်သေထွက်ဆိုခဲ့ခြင်း ဖြစ်သည်။

ပြောကြား

ဒေါက်တာကယ်လီကို သတင်းပေါက်ကြားသူအဖြစ် လူသိရှင်ကြား ကြေညာမည်မဟုတ်ဟု ဗြိတိသျှကာကွယ်ရေးဌာနမှ အထက်တန်းတာဝန်ရှိသူများက ကတိပြုခဲ့သည်ဟု ဂျင်းနစ်ကယ်လီက ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အီရတ်လုံခြုံရေးဆိုင်ရာ ပူးတွဲကော်မတီတစ်ရပ် ထူထောင်မည် ပြည်ထဲရေးနှင့် အရပ်ဘက်ကာကွယ်ရေးတပ်ဖွဲ့များကို ကြီးကြပ်မည်

ဘဂ္ဂဒက် စက်တင်ဘာ ၃

အီရတ်နိုင်ငံတွင် လုံခြုံရေးအခြေအနေတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ရေးအတွက် ပူးတွဲကော်မတီတစ်ရပ် ထူထောင်ဖွဲ့စည်းရန် အမေရိကန်ဦးဆောင်သောတပ်ဖွဲ့၏ ကြားဖြတ်အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့ (စီပီအေ)နှင့် အီရတ်အုပ်ချုပ်ရေးကောင်စီတို့ သဘောတူညီလိုက်ပြီဖြစ်ကြောင်း စီပီအေပြောရေးဆိုခွင့်ရှိသူက တနင်္လာနေ့တွင် ပြောကြားသည်။

လက်တွဲလုပ်ကိုင်

အဆိုပါကော်မတီတွင် အမေရိကန်ဦးဆောင်သောတပ်ဖွဲ့မှ တာဝန်ရှိသူ သုံးဦးပါဝင်မည်ဖြစ်ပြီး အီရတ် တာဝန်ရှိသူများနှင့် လက်တွဲလုပ်ကိုင်သွားနိုင်မည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောရေးဆိုခွင့်ရှိသူ ချားလ်စ်ဟီတလေက ပြောကြားသည်။ အဆိုပါ တာဝန်ရှိသူ သုံးဦးအနက် တစ်ဦးမှာ ပြည်ထဲရေးဝန်ကြီးဌာနကို ကြီးကြပ်မည်ဖြစ်သည်။

ကြီးကြပ်မည်

အခြားတစ်ဦးမှာမူ အရပ်ဘက်ဆိုင်ရာ ကာကွယ်ရေးတပ်ဖွဲ့များကို ကြီးကြပ်မည် ဖြစ်ကြောင်း ဟီတလေက ပြောကြားသည်။

ဆွေးနွေးမည်

အမေရိကန်ဦးဆောင်သော တပ်ဖွဲ့မှ တာဝန်ရှိသူများသည် အသစ်ခန့်အပ်ခံရသော ပြည်ထဲရေးဝန်ကြီး နူရီ အယ်လ်-ဘာဒရန်နှင့် လုံခြုံရေးဆိုင်ရာ အီရတ်တာဝန်ရှိသူများနှင့် တွေ့ဆုံမည်ဖြစ်ပြီး အနာဂတ်ကာလပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

တာဝန်ယူမည်

အီရတ် အုပ်ချုပ်ရေးကောင်စီနှင့် ပူးပေါင်းဆောင်ရွက်မည့် ပြည်ထဲရေးဝန်ကြီးဌာန၏ အကြီးအကဲ အယ်လ်-ဘာဒရန် လက်အောက်တွင် ရဲတပ်ဖွဲ့ရှိမည်ဖြစ်ကြောင်း၊ မြို့တော်ဘဂ္ဂဒက်တွင် အင်အား ၇၀၀၀ ရှိ ရဲတပ်ဖွဲ့က တာဝန်ယူမည်ဖြစ်ပြီး အီရတ်ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်ပေးမည့် အခြားသောလုံခြုံရေး တပ်ဖွဲ့များလည်း ရှိမည်ဖြစ်ကြောင်း ဟီတလေက ပြောကြားသည်။

တိုးချဲ့

အီရတ်နိုင်ငံတွင် ရဲတပ်ဖွဲ့အင်အားကို ဆက်လက်တိုးချဲ့သွားမည်ဖြစ်ပြီး ရဲတပ်ဖွဲ့တွင် အမျိုးသမီးများ ပါဝင်အမှုထမ်းဆောင်လာနိုင်ဖွယ်ရှိကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။



လုပ်ကြံသတ်ဖြတ် ခံရသော **အီရတ်ဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန် ဆာဂျီယိုဗီအီရာဒီမဲလိုး** အတွက် **အောက်မေ့ဖွယ် ဝတ်ပြုဆုတောင်းပွဲတစ်ရပ်ကို မြို့တော်ဘဂ္ဂဒက်ရှိ ညီလာခံခန်းမတွင်** စက်တင်ဘာ၂ရက်က ကျင်းပရာ တက်ရောက်လာသူများ အနက် **အီရတ် ကြားဖြတ်အုပ်ချုပ်ရေးကောင်စီ ယာယီအကြီးအကဲ အီဘရာဟင်ဂျက်ဖရီအား တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

ကုလသမဂ္ဂ ဆုံးဖြတ်ချက်သစ် လိုအပ် အီရတ်တွင် တပ်များ ထပ်မံဖြန့်ကြက်သင့်

ကင်ဘာရာ စက်တင်ဘာ ၃

အီရတ်နိုင်ငံတွင် အမေရိကန်နိုင်ငံ၏ ဦးဆောင်မှုဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ပြန်လည်လုပ်ဆောင်ရာတွင် နိုင်ငံတကာ လူ့အသိုက်အဝန်းက ပိုမိုကြီးမားသော အခန်းကဏ္ဍတစ်ရပ်မှ ပါဝင်လှုပ်ရှားရန် ခွင့်ပြုပေးမည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ချမှတ်ပေးရန် လိုအပ်ကြောင်း သြစတြေးလျနိုင်ငံက တနင်္လာနေ့တွင် ပြောကြားသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်သည် စစ်ကြောင့် ပျက်စီးနေသော အီရတ်နိုင်ငံတွင် လုံခြုံရေးတိုးတက်ကောင်းမွန်စေရေးအတွက် စစ်သည်များ ထပ်မံဖြန့်ကြက်နိုင်ရန် ခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ သို့ရာတွင် အမေရိကန်နိုင်ငံ၏ ဦးဆောင်မှုအခန်းကဏ္ဍကို အသိအမှတ်ပြုရန် လိုအပ်နေဆဲဖြစ်ကြောင်း သြစတြေးလျနိုင်ငံခြားရေးဝန်ကြီး အလက်ဇန္ဒာဒေါင်နာက ပြောကြားသည်။

ပိုမိုဆိုးရွား

အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေမှာ လွန်ခဲ့သည့်လအတွင်း ပိုမိုဆိုးရွားလာခဲ့သည်။ ရှီးယားမွတ်စလင် ဘာသာရေးမြို့ကြီးဖြစ်သော နာဂျက်ဖ်မြို့တွင် လူပေါင်း ၁၀၀ ကျော် သေဆုံးခဲ့ရသည့် ကားဗုံးပေါက်ကွဲမှု၊ မြို့တော်ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂရုံး တိုက်ခိုက်ခံရမှုနှင့် ဂျော်ဒန်သံရုံး တိုက်ခိုက်ခံရမှုတို့ ပေါ်ပေါက်ခဲ့သည်။

ရုရှားနိုင်ငံသည် အခြားသော လုံခြုံရေးကောင်စီရှိ အင်အားကြီးနိုင်ငံများဖြစ်သော ဂျာမနီနှင့် ပြင်သစ်နိုင်ငံတို့နှင့်အတူ အမေရိကန် ဦးဆောင်သော အီရတ်စစ်ပွဲကို ဆန့်ကျင်ခဲ့သည်။ အဆိုပါသုံးနိုင်ငံသည် အီရတ်နိုင်ငံ၌ ကုလသမဂ္ဂ၏အခန်းကဏ္ဍ ပိုမိုရှိရန် ယခုအခါ လိုလားထောက်ခံလျက်ရှိကြသည်။

သဘောတူညီချက်

ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်သစ်တစ်ရပ်နှင့် ပတ်သက်၍ နောက်ဆုံးတွင် သဘောတူညီချက်တစ်ရပ် ရလာမည်ဟု မိမိမျှော်လင့်ကြောင်း၊ အီရတ်နိုင်ငံတွင် လုံခြုံရေးအတွက် တပ်အင်အား ပိုမိုမြှင့်တင်နိုင်စေရေးအတွက် အခြားသောနိုင်ငံများက ၎င်းတို့၏တပ်ဖွဲ့များကို စေလွှတ်ပေးလာနိုင်မည်ဖြစ်ကြောင်း ဒေါင်နာက သြစတြေးလျရေဒီယိုသို့ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဘဂ္ဂဒက်မြို့လယ် ရဲစခန်း ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား

ဘဂ္ဂဒက် စက်တင်ဘာ ၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်ကောင်ရှိ ရဲစခန်းကို ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့ရာ မီးတောက်မီးလျှံများနှင့် မီးခိုးလုံးများ တက်လာကြောင်း မျက်မြင်သက်သေများက ပြောကြားကြသည်။

ဒဏ်ရာရရှိ

ယခုပေါက်ကွဲသည့် ဗုံးသည် မော်တော်ကားဗုံး ဖြစ်ဖွယ်ရာရှိကြောင်းနှင့် အီရတ်ရဲတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိသွားကြောင်း သိရသည်။

စီအင်န်အင်န်။



ဟောင်ကောင်အခြေစိုက် လေကြောင်းကုမ္ပဏီ ပျံသန်းပြေးဆွဲမှုတိုးမြှင့်

ရှန်ဟိုင်း စက်တင်ဘာ ၂

ဟောင်ကောင်အခြေစိုက် ဒရက်ဂိုနာ လေကြောင်း ကုမ္ပဏီသည် ကူးစက်မြန်ပြင်းထန် နမိုးနီးယား (ဆား်စ်) ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားခဲ့သော ၎င်းကုမ္ပဏီ၏ လေကြောင်းခရီးစဉ် ၉၁ ရာခိုင်နှုန်းကို စက်တင်ဘာလတွင် ပြန်လည်စတင်မည်ဖြစ်သည်။

ကျန်ရှိသော လေကြောင်းခရီးစဉ် ၂၇ ခုကို ဆက်လက်ပိတ်ထားမည်ဖြစ်ကြောင်း အဆိုပါ ကုမ္ပဏီက ပြောကြားခဲ့သည်။

ဟောင်ကောင်၌ ဆားစ်ရောဂါ ပြင်းထန်စွာ ပျံ့နှံ့စဉ်အတောအတွင်း ဟောင်ကောင်သို့ ကမ္ဘာလှည့်ခရီးသည်နှင့် စီးပွားရေးလုပ်ငန်းရှင်များ လာရောက်ခြင်း မရှိသောကြောင့် အဆိုပါလေကြောင်းကုမ္ပဏီမှာ များစွာ နစ်နာခဲ့ရသည်။

၎င်းကုမ္ပဏီသည် ယခုအခါ ဘေဂျင်းသို့ တစ်ပတ်လျှင် ခရီးစဉ် ၄၉ ကြိမ် ပြန်လည်စတင်လိုက်ပြီး ရှန်ဟိုင်းသို့ ပျံသန်းပြေးဆွဲမှုကို ခရီးစဉ် ၆၀ မှ ၆၇ ကြိမ်သို့ တိုးမြှင့်ခဲ့ပြီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

နာဂျက်ဖ်မြို့တွင် အမေရိကန်မရိန်းစစ်သည်များ ဆက်ရှိမည် မြို့၏ဒေသအချို့ကို ပိုလန်ဦးဆောင်သော တပ်ဖွဲ့ထံလွှဲပေးမည်

ဘဂ္ဂဒက် စက်တင်ဘာ ၂

လွန်ခဲ့သည့်ရက်သတ္တပတ်က နာဂျက်ဖ်မြို့တွင် ကားဗုံးဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးသည့်နောက် အမေရိကန်ကမ်းတက်တပ်သားများက ယခင်က စီစဉ်ထားသည်ထက် ၎င်းမြို့တွင်ကြာမြင့်စွာ နေထိုင်မည်ဖြစ်ကြောင်း၊ သို့ရာတွင် ယင်းမြို့၏ ကျန်ဒေသကို ယခင်စီစဉ်ထားသည့်အတိုင်း ပိုလန်ဦးဆောင်သော တပ်များသို့ လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

ဆမ်ဒမ်ဟူစိန်အား ရာထူးမှဧပြီလအတွင်းက ဖယ်ရှားပြီးသည့်နောက် အီရတ်နိုင်ငံအား သိမ်းပိုက်ထားသည့် အမေရိကန်တပ်သားများ၏ ဝန်ထုပ်ဝန်ပိုး သက်သာစေရေးအတွက် အမေရိကန်၏ ကြိုးပမ်းမှုများ အစိတ်အပိုင်းတစ်ရပ်အဖြစ် နာဂျက်ဖ်မြို့အပါအဝင် အီရတ်နိုင်ငံ အလယ်ပိုင်းအား အုပ်ချုပ်ကွပ်ကဲရန် ပိုလန်တပ်သားများက တာဝန်ယူဆောင်ရွက်ရမည်ဖြစ်သည်။

အုပ်ချုပ်ရေးအာဏာ ပြောင်းလွှဲပေးရေးကိစ္စသည် သတ်မှတ်ထားသည့်အချိန်တွင် ပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ သောကြာနေ့က ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် အုပ်ချုပ်ရေးအာဏာ ပြောင်းလွှဲပေးမှုနှောင့်နှေးနိုင်သလားဟု မေးမြန်းရာတွင် အမေရိကန်စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

နာဂျက်ဖ်ဒေသတွင် ကမ်းတက်တပ်သားများသည် ဆုံးဖြတ်ထားသည့်အချိန်အထိ ဆက်လက်နေထိုင်မည်ဖြစ်ကြောင်း ၎င်းဆက်လက်ပြောကြားသည်။

အမေရိကန်ကမ်းတက်တပ်သားများသည် အီရတ်နိုင်ငံတောင်ပိုင်းနှင့် အလယ်ပိုင်းဒေသတွင် လပေါင်းများစွာ တာဝန်ယူနေထိုင်ခဲ့ကြခြင်းဖြစ်သည်။ စပိန်နိုင်ငံမှ တပ်ဖွဲ့တစ်ဖွဲ့သည် ပိုလန်ဦးဆောင်သည့် နိုင်ငံစုံတပ်ဖွဲ့တွင် တာဝန်ဝတ္တရားများ ထမ်းဆောင်ရန် ပို့ပေးမည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်အုပ်ချုပ်ရေးကောင်စီက ဝန်ကြီး ၂၅ ဦးကို တာဝန်ပေးခန့်အပ်

ဘဂ္ဂဒက် စက်တင်ဘာ ၂

အမေရိကန်အစိုးရက ထောက်ခံသည့် အီရတ်အုပ်ချုပ်ရေးကောင်စီက ဝန်ကြီးများစာရင်းကို တနင်္လာနေ့ကထုတ်ပြန်ကြေညာလိုက်ပြီး ပြည်ပြေးဘဝဖြင့် ပြည်ပတွင်နေထိုင်ရာမှ အီရတ်သို့ပြန်လာသူအား ရေနံဌာနဝန်ကြီးအဖြစ် ခန့်အပ်လိုက်ရာ အီရတ်နိုင်ငံ လုံခြုံရေးပြန်လည် တည်ဆောက်ရေးအတွက် အမေရိကန်၏ရင်းနှီးသည့် မိတ်ဆွေအဖြစ် ယုံကြည်စွာ တာဝန်အပ်နှင်းခြင်းဖြစ်သည်။

အီဘရာဟင်ဘာအယ်လ်ယူလွမ်အား အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးနှင့်စစ်ကြောင့် ပျက်စီးနေသည့် ရေနံလုပ်ငန်းတို့အား ကိုင်တွယ်ရန်တာဝန်ပေးခဲ့ခြင်းဖြစ်သည်။

ကာဒစ်စတန်ဒီမိုကရက်တစ်ပါတီ(ကေဒီပီ) တာဝန်ရှိပုဂ္ဂိုလ်ဟိုရှိုင်ယာဇီဘာရီအား နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်ကြောင်း အဆိုပါကောင်စီ၏ ကြေညာချက်တွင်ဖော်ပြထားသည်။ ယခင်ပြည်ပြေးဖြစ်ခဲ့သူ နူရီဘက်ရန်အား ပြည်ထဲရေးဝန်ကြီးနှင့် ကာမဲအယ်လ်ကေလာနီအား ဘဏ္ဍာရေးဝန်ကြီးအဖြစ် ခန့်ထားကြောင်း ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

ပြည်ထဲရေးဝန်ကြီးဖြစ်သူ ဘက်ရန်သည် ပြည်တွင်းလုံခြုံရေးအခွင့်အာဏာကို အမေရိကန် ဦးဆောင်တပ်သားများမှတစ်ဆင့် အီရတ်ပြည်သူများအား တဖြည်းဖြည်းလွှဲအပ်သည့် တာဝန်ကို ကြီးကြပ်ကွပ်ကဲရမည်ဖြစ်ပြီး တပ်သား ၃၇၀၀၀ရှိ အီရတ်ရဲတပ်ဖွဲ့ကိုလည်း အုပ်ချုပ်ရမည်ဖြစ်သည်။

ရောင်ပြန်ဟပ်

ဖော်ပြပါကောင်စီတွင် ရှီးယားမွတ်စလင် ၁၃ဦး၊ ဆွန်နီမွတ်စလင် ငါးဦး၊ ကာ့ဒ်လူမျိုးငါးဦး၊ တာ့ခ်မင်လူမျိုးတစ်ဦးနှင့်ခရစ်ယာန်တစ်ဦးတို့ပါဝင်ကြပြီး ဂိုဏ်းဂဏဆန်ကာ လူမျိုးနှင့်ဆိုင်သော အုပ်စုများကို အဆိုပါကောင်စီတွင် ပေါင်းစည်းပေးထားခြင်းဖြစ်ပြီး အီရတ်နိုင်ငံ၏ လူဦးရေဖွဲ့စည်းမှုကို ရောင်ပြန်ဟပ်ခြင်းဖြစ်သည်။

အဆိုပါဝန်ကြီးများသည် ဝန်ကြီးများ၏ နေ့စဉ်ဝတ္တရားများကို ဆောင်ရွက်ကြမည်ဖြစ်ပြီး ဖော်ပြပါကောင်စီသို့ အစီရင်စာခံတင်သွင်းရမည်ဖြစ်သည်။ သို့ရာတွင် အဆိုပါကောင်စီတွင် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ထားခြင်းမရှိပေ။

အဆိုပါ ဝန်ကြီးအဖွဲ့သည် အီရတ်နိုင်ငံအတွက် ရွေးချယ်ထားခြင်းဖြစ်ကြောင်း၊ တစ်ပါတီတစ်အုပ်စုအတွက် ဖွဲ့စည်းထားခြင်းမဟုတ်ကြောင်း၊ ဝန်ကြီးအဖွဲ့သည် အီရတ်ပြည်သူလူထု၏ မျှော်မှန်းချက်ကို ကိုယ်စားပြုထားကြောင်း ကောင်စီအကြီးအကဲမှ အနားယူမည့် အီဘရာဟင်ဂျက်ဖရီက ပြောကြားသည်။

ဖော်ပြပါကောင်စီက အမျိုးသမီးတစ်ဦးဖြစ်သည့် နစ္စရင်းဘရာဇီဝီအား ပြည်သူ့လုပ်ငန်းဝန်ကြီးအဖြစ်လည်းကောင်း၊ အဗ္ဗဒူဘာဆစ်တာကအား လူ့အခွင့်အရေးဝန်ကြီးအဖြစ်လည်းကောင်း တာဝန်ပေးခန့်ထားလိုက်သည်။

အမ်အင်အေ၊ရိုက်တာ။

နာဂျက်ဖ်မြို့ ကားဗုံးဖောက်တိုက်ခိုက်မှုအပေါ် ထင်မြင်ချက်အမျိုးမျိုး ပေးနေ လုံခြုံရေးတာဝန် အီရတ်လူမျိုးများထံ ပိုမိုလွှဲပေးရန် အပြင်းအထန် အရေးဆိုနေကြ

နာဂျက်ဖ် စက်တင်ဘာ ၂

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် သောကြာနေ့က မော်တော်ကား ဗုံးပေါက်ကွဲရာတွင် ကွယ်လွန်သွားသည့် ရှီးယားဘာသာရေးခေါင်းဆောင်၏ ဈာပနအခမ်းအနားကို တက်ရောက်ရန် အနယ်နယ်အရပ်ရပ်မှ ရှီးယား ဘာသာဝင်ထောင်သောင်းများစွာတို့သည် နာဂျက်ဖ်မြို့သို့ ရောက်ရှိနေကြသည်။

နာဂျက်ဖ်မြို့အပြင်ဘက်ရှိ စစ်ဆေးရေးစခန်းတစ်ခုတွင် အီရတ်ရဲအမှုထမ်းများက မြို့ထဲဝင်လာသည့် ခရီးသည်များကို စစ်ဆေးသည့်အပြင် ဗုံးများနှင့်လက်နက်များကိုလည်း ရှာဖွေလျက်ရှိပြီး မသင်္ကာဖွယ်ထင်မှတ်ရသူများကို ချက်ချင်းဖမ်းဆီးအရေးယူလျက်ရှိသည်။

နာဂျက်ဖ်မြို့ရှိ အီမန်အလီဗလီဝတ်ကျောင်း အပြင်ဘက်တွင် သောကြာနေ့က ပေါက်ကွဲခဲ့သည့် မော်တော်ကားဗုံးနှစ်လုံးသည် ယမ်းအားကီလိုဂရမ် ၇၀၀ ရှိသော ဗုံးများဖြစ်ကြောင်း နာဂျက်ဖ်မြို့ အုပ်ချုပ်ရေးမှူးက ပြောကြားလိုက်သည်။ ယင်းဗုံးဖောက်ခွဲ တိုက်ခိုက်မှုအပေါ် ထင်မြင်ချက်မျိုးစုံ ပေးနေကြသည့်အပြင် လုံခြုံရေးနှင့်ပတ်သက်သည့် တာဝန်များကို အီရတ်လူမျိုးများထံပိုမိုလွှဲအပ်ပေးရန် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များထံ အီရတ်လူမျိုးများက အပြင်းအထန် အရေးဆိုနေကြသည်။ ***စီအင်န်အင်န်။***

ကုလသမဂ္ဂအဖွဲ့ကြီး အောက်ခြေသိမ်း ပြုပြင်ပြောင်းလဲသင့် အောင်မြင်မှုမရလျှင် လုံးဝပထုတ်ခံရမှုဆီသို့ ဦးတည်နိုင်

လစ္စဘွန်း စက်တင်ဘာ ၂

ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကို အောက်ခြေသိမ်း ပြင်ဆင်ပြောင်းလဲသင့်ကြောင်းနှင့် ကုလသမဂ္ဂဌာနချုပ်ကိုလည်း နယူးယောက်မှ ပြောင်းရွှေ့သင့်ကြောင်း နိုင်ငံတကာ ရှေ့နေများအသင်းက စနေနေ့က အဆိုပြုတင်ပြလိုက်သည်။

ယင်းမှာ အီရတ်အကျပ်အတည်း ပေါ်ပေါက်ပြီးနောက် ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲမှုအတွက် တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

ဦးတည်စေနိုင်

ကုလသမဂ္ဂအဖွဲ့အစည်း ပြုပြင်ပြောင်းလဲမှု မအောင်မြင်ဖြစ်လျှင် ၂၁ ရာစု၌ ငြိမ်းချမ်းရေးနှင့် နိုင်ငံတကာ လုံခြုံရေးအတွက် တိုက်ပွဲဝင်ရာတွင် ကုလသမဂ္ဂအဖွဲ့ကြီးသည် လုံးဝပထုတ်ခံရမှုဆီသို့ ဦးတည်စေနိုင်ကြောင်း နိုင်ငံတကာ ရှေ့နေများအသင်းဥက္ကဋ္ဌ အင်တွိုင်နီ အေကယ်လ်က အဆိုပါအသင်း၏ နှစ်ပတ်လည်ကွန်ဂရက်တွင် ပြောကြားသည်။

ကုလသမဂ္ဂအဖွဲ့ကြီး ခိုင်မာတောင့်တင်းစေရေးအတွက် အဆိုပြုတင်ပြချက်များကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်ထံသို့ တင်ပြရန် စီစဉ်ထားကြောင်း ပါရီအခြေစိုက် နိုင်ငံတကာရှေ့နေများအသင်းက ပြောကြားသည်။ အဆိုပါအသင်းတွင် နိုင်ငံ ၁၁၀ မှ ရှေ့နေနှစ်သန်းနီးပါး ပါဝင်ကြသည်။

ပါဝင်

အဆိုပြုချက်များထဲတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်း အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် အမေရိကန်၊ ပြင်သစ်၊ ဗြိတိန်၊ တရုတ်နှင့် ရုရှားတို့ ကိုင်စွဲထားသည့် ဗီတိုအာဏာသုံးစွဲခွင့် အဆုံးသတ်ရေးလည်း ပါဝင်သည်။

ကုလသမဂ္ဂဌာနချုပ်ကိုလည်း နယူးယောက်မှနေ၍ ကုလသမဂ္ဂ အထွေထွေညီလာခံက ဆုံးဖြတ်မည့် "ကြားနေရာ" တစ်နေရာသို့ ရွှေ့ပြောင်းသင့်ကြောင်း လက်ဘနွန်နိုင်ငံသား ရှေ့နေဖြစ်သူ အေကယ်လ်က ပြောကြားသည်။ *အမ်အင်အေ၊ရိုက်တာ။*

အီရတ်နိုင်ငံတွင် အစုအပြုံလိုက် ဖျက်ဆီးနိုင်သည့် ဖျက်အားပြင်းလက်နက်များကို ရှာဖွေတွေ့ရှိခြင်း မရှိသော်လည်းသမားရိုးကျလက်နက်များကိုမူ ရှာဖွေတွေ့ရှိနေရသည်။ (စက်တင်ဘာ၂ရက်က ရှာဖွေတွေ့ရှိရသော တီ- ၅၅ တင့်ကားသုံး အမြောက် ကျည်ဆန်များကို အမှတ်(၄)ခြေလျင် တပ်မမှ စစ်သည်များက သိမ်းဆည်းရန် ပြင်ဆင်လျက်ရှိစဉ်။) (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်တောင်ပိုင်းတွင် ဗုံးခွဲတိုက်ခိုက် အမေရိကန်စစ်ရဲနှစ်ဦးသေ၊ တစ်ဦး ဒဏ်ရာရ

ဘဂ္ဂဒက် စက်တင်ဘာ ၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ပိုင်းတွင် ယမန်နေ့က ဗုံးခွဲတိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားခဲ့ရာ အမေရိကန်စစ်ရဲနှစ်ဦး သေဆုံးသွားပြီး တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိသွားကြောင်း အမေရိကန်တပ်မှူးက ပြောကြားခဲ့သည်။ အမေရိကန်တပ်ဖွဲ့ဝင်တို့၏ မော်တော်ယာဉ်မှာ ဘဂ္ဂဒက်တောင်ပိုင်းရှိ အဓိကလမ်းမပေါ်၌ ထောင်ထားသောဗုံးပေါ်ဖြတ်သန်းမောင်းနှင်မိစဉ် ဗုံးပေါက်ကွဲသွားခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ ***စီအင်န်အင်န်။***

နိုင်ငံခြားသတင်းများ

အင်ဒိုနီးရှား-လစ်ဗျား ကုန်သွယ်ရေးစာချုပ် ချုပ်

ဂျကာတာ စက်တင်ဘာ ၂

အင်ဒိုနီးရှားနှင့် လစ်ဗျားနိုင်ငံတို့သည် နှစ်နိုင်ငံကုန်သွယ်ရေးတိုးမြှင့်ရန် ရည်ရွယ်လျက် နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်ရေးစာချုပ်ကိုယခုသီတင်းပတ်တွင် လက်မှတ်ရေးထိုး ချုပ်ဆိုလိုက်ကြောင်း ဂျကာတာပို့စ်သတင်းစာက စနေနေ့တွင် ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်ပဋိပက္ခ အမေရိကန်ကိုင်တွယ်နိုင်ခြင်း မရှိ ကုလသမဂ္ဂ လက်အောက်တွင်သာ အင်ဒိုနီးရှား ပါဝင်မည်

ဂျကာတာ စက်တင်ဘာ ၂

အမေရိကန်နိုင်ငံ အနေဖြင့် အီရတ်ပဋိပက္ခကို ကိုင်တွယ်နိုင်ခြင်း မရှိကြောင်းနှင့် အခြေအနေတိုးတက်လာစေရန် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ပုံကို အီရတ်မှ မကြာမီက အကြမ်းဖက်ခံခဲ့ရမှုက ပြနေသည်ဟု အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဟက်ဆန်ဝိရယုဒကပြောကြားလိုက်သည်။

အီရတ်နိုင်ငံတွင် အခြေအနေပိုမိုဆိုးရွားလာသည်ကို မိမိတို့မြင်တွေ့ရကြောင်း၊ ယင်းမှာ အမေရိကန် တစ်နိုင်ငံတည်းအနေဖြင့် ပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်ခြင်းမရှိကြောင်း ပြသလိုက်ခြင်း ဖြစ်သည်ကို တွေ့ရကြောင်းဖြင့် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဟက်ဆန်က ပြောကြားလိုက်သည်ဟု ဂျကာတာပို့စ်သတင်းစာက အင်္ဂါနေ့တွင် ကိုးကား၍ ဖော်ပြသည်။

လူ ၁၀၀ ကျော် သေဆုံးသည့် သောကြာနေ့က ဗုံးပေါက်ကွဲမှု အပါအဝင် အီရတ်နိုင်ငံ၌ လုံခြုံရေးအခြေအနေမှာ ပိုမိုဆိုးရွားလာကြောင်း ၎င်းက ဝေဖန်လိုက်သည်။

အမေရိကန်ဦးဆောင်သည့်တပ်များနှင့် ဆက်ဒမ်ဟူစိန်တို့အကြား ဖြစ်ပွားသည့်စစ်ပွဲ ပြီးဆုံးသွားပြီဟု မေလ ၁ရက်က အမေရိကန်သမ္မတဘုရှ် ကြေညာပြီးနောက် ယခုကဲ့သို့ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားခြင်း ဖြစ်သည်ဟုလည်း ၎င်းကထည့်သွင်း ပြောကြားလိုက်သည်။ ဤသို့ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ကုလသမဂ္ဂ၏ အီရတ်ဆိုင်ရာ အထူးသံတမန် ဆာဂျီယိုဒီမဲလိုးနှင့် ရှီးယားမွတ်စလင် ထိပ်တန်း ခေါင်းဆောင် အယာတိုလာ အယ်ဟာခင်မ်တို့ သေဆုံးကြရသည်။

အီရတ်၏ လုံခြုံရေးအခြေအနေတိုးတက်ကောင်းမွန်လာရေးအတွက် အခြားနိုင်ငံများ၏ အကူအညီ လိုအပ်ကြောင်း၊ အမေရိကန်နိုင်ငံကလည်း အသိအမှတ်ပြုကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဟက်ဆန်က ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံက အီရတ်၌ အမေရိကန်အဆိုပြုသည့် နိုင်ငံစုံငြိမ်းချမ်းရေး ထိန်းသိမ်းမှု တပ်ဖွဲ့တွင် ပါဝင်ရန် ငြင်းမည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂ၏ ကမကထပြုမှုဖြင့် ဆောင်ရွက်သည့် ငြိမ်းချမ်းရေးတပ်ကိုသာ ပါဝင်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏ ရပ်တည်ချက်သဘောထားမှာရှင်းကြောင်း၊ ကုလသမဂ္ဂ၏ ထောက်ပံ့ကူညီ အားပေးမှုအောက်တွင်သာ အီရတ်ငြိမ်းချမ်းရေးကြိုးပမ်းမှုကို မိမိတို့ ပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဟက်ဆန်က ပြောကြားသည်။ ***အင်တာနက်။***

အမေရိကန်စစ်ဘက်၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရသော အီရတ်အရပ်သားများအတွက် တရားစွဲဆိုနိုင်ရေး ကူညီမည်

ဘဲလ်ဖတ်စ် စက်တင်ဘာ ၂

ဘဲလ်ဖတ်စ်မြို့မှ လူ့အခွင့်အရေး ဥပဒေအဖွဲ့က အမေရိကန်စစ်ဘက်က ပစ်သတ်၍ သေဆုံးသောအီရတ်အရပ်သားများ၏ မိသားစုကစွဲဆိုသော ဒေါ်လာသန်းပေါင်းများစွာ လျော်ကြေးရရှိလိုမှုကို ထောက်ခံကြောင်း တနင်္လာနေ့က ပြောကြားလိုက်သည်။

အဆိုပါ လူ့အခွင့်အရေး ဥပဒေအဖွဲ့မှာ ရေဖျန်းခရစ်ယာန် ပြောက်ကျားများ သတ်၍ သေဆုံးသွားခဲ့သည့် ဗရင်ဂျီလူ့အခွင့်အရေးဥပဒေပြု ရှေ့နေတစ်ဦးဖြစ်သူ တည်ထောင်ခဲ့သောမက်ဒင်နှင့် ဖင်နျူထိန်းအဖွဲ့ဖြစ်သည်။ ၎င်းအဖွဲ့က ဒေါ်လာ ၁၅ သန်းတန်ဖိုးရှိအမှုကို အမေရိကန်တရားရုံးများတွင် ဥပဒေအရတရားပြိုင်ရန်အတွက် အစီအစဉ်များ ကနဦးအဆင့်အဖြစ်ချမှတ်ထားကြောင်း ပြောကြားသည်။

တရားရုံးရှေ့နေတစ်ဦးဖြစ်သူ မက်ရစ်ရှီက ဘဂ္ဂဒက်မြို့ စစ်ဆေးရေးဂိတ်တွင် ဩဂုတ်လ စောစောပိုင်းကာလက အယ်လ်ကာဝါ့စ် မိသားစုဝင်လေးဦး သေဆုံးမှုနှင့် စပ်လျဉ်းသည့် အစီရင်ခံစာတစ်စောင်ကို ပြုစုခဲ့ကြောင်း ပြောကြားသည်။ မက်ရစ်ရှီသည် အီရတ်နိုင်ငံသို့ အချက်အလက်ရှာဖွေရေး မစ်ရှင်အဖြစ် သွားရောက်ခဲ့ရာမှ မကြာခင်က ပြန်လာခဲ့သူဖြစ်သည်။

အမှတ်(၁)သံချပ်ကားတပ်မမှ အမေရိကန်စစ်သားများကွပ်ကဲသည့် စစ်ဆေးရေးဂိတ်က ကားတစ်စင်းအားစစ်ဆေးရန် ရပ်ခိုင်းရာပျက်ကွက်ခဲ့၍ အမေရိကန်တပ်သားများက ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ အယ်လ်ကာဝါ့စ်မိသားစု တင်ဆောင်လာသည့်ကားမှာ ကျည်ဆန်ရာများဖြင့် ဗရပွဖြစ်သွားသည်။

အီရတ်ရှိ အမေရိကန်စစ်သားများတွင် အပြစ်မှကင်းလွတ်ခွင့် ကြီးမားသည့်အတိုင်းအတာအထိ ရှိဟန်တူကြောင်း၊ ခံစားရသည့်ဒုက္ခသည်များ၏ မိသားစုများအတွက် တာဝန်ယူမှုမရှိကြောင်း မက်ရစ်ရှီက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အိုင်ယာလန်နိုင်ငံမြောက်ပိုင်းတွင် လူသတ်မှုများ ဖြစ်ပွားမှုအပေါ် လွတ်လပ်သည့် စုံစမ်းစစ်ဆေးမှု အပြည့်အဝမရှိသလို အီရတ်နိုင်ငံတွင်လည်း ယင်းကဲ့သို့ အလားတူလိုအပ်ချက်ရှိကြောင်း ၎င်းကပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဝါတွင်းမိုးကုတ်ဝိပဿနာ ၁၀ ရက်စခန်းပွဲ

ရန်ကုန် စက်တင်ဘာ ၃

ဇရာဝတီတိုင်း ညောင်တုန်းမြို့နယ် ကျုံတမာမိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၂၁၃)၌ တော်သလင်းလဆန်း ၇ရက်မှ တော်သလင်းလပြည့်ကျော် ၁ရက်ထိ စမ်းချောင်းမြို့နယ် မိုးကုတ်ရိပ်သာမဏိရတနာကျောင်းဆရာတော် အရှင်ပညာဇောတ (ဓမ္မကထိက ဓမ္မာစရိယ)မြောက်ဥက္ကလာပမြို့နယ် မိုးကုတ်ရိပ်သာ ပုပ္ပား(၃)ကျောင်း ရှေဦးဆရာတော် အရှင်နန္ဒာသီရိ(ဓမ္မကထိက ဓမ္မာစရိယ)အရှင်သူမြတ်တို့က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

ပြိုးခြင်းအောင်တာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီပေါ်ထွန်းလာစေမည်

မောင်သွေးသန့်

ပြည်တွင်း၊ ပြည်ပအဖျက်အမှောင့်သမားများသည် အနောက်နိုင်ငံကြီးအချို့၏ ပံ့ပိုးထောက်ပံ့မှုဖြင့် ပြည်တွင်း၊ ပြည်ပချိတ်ဆက်ပြီး နိုင်ငံတော်အစိုးရ၏ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများကို ဖျက်လိုဖျက်ဆီး ဟန့်တားနှောင့်ယှက်မှုမျိုးစုံ ပြုလုပ်လျက်ရှိကြသည်ကို အားလုံးမျက်မြင်ကိုယ်တွေ့ပင်ဖြစ်သည်။

"အနောက်နိုင်ငံကြီးအချို့ကလည်း ယနေ့နိုင်ငံတကာမြင်ကွင်း၌ ကြုံတွေ့နေရသည့် ဒုက္ခဆင်းရဲရောက်မှုဖြစ်စဉ် ဖြစ်ရပ်များကို သင်ခန်းစာယူရမည့်အစား မိမိတို့ဩဇာအာဏာ လွှမ်းမိုး၍ရသည့် အမျိုးသားသစ္စာဖောက်များ၏ မဟုတ်မမှန် လုပ်ကြံဖန်တီးထားသည့် သတင်းအချက်အလက်များကို အဟုတ်ထင်ပြီး မြန်မာနိုင်ငံအပေါ် ဖိအားပေး အကျပ်ကိုင်မှုများ၊ ပိတ်ဆို့ဟန့်တားမှုများကို အရှိန်အဟုန်မြှင့် လုပ်ဆောင်လာနေသည်ကို တွေ့မြင်နေရသည်။"

"အမှန်တကယ်အားဖြင့် လွတ်လပ်သည့်နိုင်ငံ တစ်နိုင်ငံအနေနှင့် သူတစ်ပါးဩဇာလွှမ်းမိုးမှု ကင်းရှင်းစွာဖြင့် မိမိတို့၏ အချုပ်အခြာအာဏာကို လွတ်လပ်စွာကိုင်တွယ်ကျင့်သုံးပြီး မိမိနိုင်ငံ၊ မိမိလူမျိုး၏ အနာဂတ်ကို မိမိတို့ အမျိုးသားရေးအကျိုးစီးပွား အဖြစ်ထွန်းနိုင်ဆုံး လမ်းကြောင်းပေါ်၌ တည့်မတ်စွာ ဖော်ဆောင်စေပြီး မိမိနိုင်ငံ၊ မိမိလူမျိုး၏ သမိုင်းကြောင်းအခြေခံယဉ်ကျေးမှု အစဉ်အလာများနှင့် ကိုက်ညီသည့် အမျိုးသားရေးပုံစံအတိုင်း လွတ်လပ်စွာ ရွေးချယ်ကျင့်သုံးပိုင်ခွင့် ရရှိမည်သာဖြစ်သည်။"

"ယင်းကဲ့သို့ နိုင်ငံတကာကျင့်ဝတ်စည်းကမ်းများ၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ အခြေခံမူများအရ ရရှိထားပြီးဖြစ်သည့် နိုင်ငံတစ်နိုင်ငံ၏ အခြေခံအကျဆုံးအခွင့်အရေးကို တခြားသော နိုင်ငံတစ်နိုင်ငံက ဝင်ရောက်စွက်ဖက်ဖိနှိပ်ချုပ်ချယ်ခြင်းသည် နိုင်ငံအချင်းချင်းအကြား ကျင့်သုံးရမည့် တရားလက်လွတ်ဆောင်ရွက်ချက်တစ်ခုပင်ဖြစ်သည်မှာ ထင်ရှားနေပြီဖြစ်သည်။"

အထက်ပါစာပိုဒ်များသည် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော အခြေခံဆရာ/ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၉) သင်တန်းဖွင့် အခမ်းအနားကျင်းပသည့် ဩဂုတ်လ ၁၅ရက်က မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့်(ယခု နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်) ပြောကြားသည့် မိန့်ခွန်းကောက်နုတ်ချက်ဖြစ်ပေသည်။

မြန်မာနိုင်ငံသည် ရေ၊ မြေ၊ ဥတုရာသီ၊ သဘာဝသယံဇာတ ပေါကြွယ်ဝပါလျက် နယ်ချဲ့လက်အောက်ကျရောက်ခဲ့ရသည့် နှစ်တစ်ရာကျော်၊ လွတ်လပ်ရေးရပြန်တော့လည်း ဂိုဏ်းဂဏ၊ ဝါဒစွဲ၊ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ အာဏာစွဲများဖြင့် အမျိုးသားတိုးတက်ရေးလမ်းကြောင်း၊ နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးလမ်းကြောင်းတို့မှသွေဖည်ကာ အချင်းချင်းလက်နက်ကိုင်တိုက်ခိုက်ကာ တစ်နိုင်ငံလုံး အေးအေးချမ်းချမ်း မနေခဲ့ရသည့် နှစ်လေးဆယ်ကျော်ဒဏ်ကို ပြည်သူတို့ခါးစည်းခံခဲ့ကြရသည်။

ဤသို့ နိုင်ငံကို ပြန်လည်မထူထောင်နိုင်ဘဲ ဆူပူကွဲပြဲ၊ တိုက်ခိုက်၊ ဆင်းရဲနေခဲ့ရသည်ကိုပင် နယ်ချဲ့နိုင်ငံများက ကျေနပ်နေခဲ့ပုံရသည်။ ၁၉၈၈ ခုနှစ်နှောင်းပိုင်းမှစပြီး နိုင်ငံတည်ငြိမ်အောင်၊ လုံခြုံအေးချမ်းအောင် ကျားကုတ်ကျားခဲ ကြိုးစားခွင့်ရခဲ့ကြသည်။ ကြိုးစားသည့်အတိုင်းလည်း လက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့ ဥပဒေတွင်းဝင်ရောက်ကာ နိုင်ငံတစ်ဝန်းငြိမ်းချမ်းလာခဲ့သည်။

ထိုသို့သော ငြိမ်းချမ်းသည့် ပတ်ဝန်းကျင်၌ နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူတို့ ညီညာဖြဖြလက်တွဲကြိုးပမ်းခဲ့ကြသည်။ အောင်မြင်မှုများလည်း ဝေဝေစည်စည်ရရှိခဲ့သည်။ ဤသည်ကို မရှုဆိတ်နိုင်သော ပြည်တွင်း၊ ပြည်ပအဖျက်သမားများက နည်းမျိုးစုံဖြင့် နှောင့်ယှက်လာကြပြန်ပေသည်။

မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်သည့်အတိုင်း ကိုယ့်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ခွင့်အလိုလိုရှိပြီးဖြစ်ပေသည်။ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းရာ၌ ခေတ်မီနည်းပညာရပ်များဖြင့် ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ရေးကို ရှေးရှုဆောင်ရွက်လျက်ရှိပေသည်။ အမျိုးသားရေးစွမ်းအားစုအားလုံး၏ အရင်းအမြစ်ဖြစ်သော ကျောင်းသူ၊ ကျောင်းသားလူငယ်များကို အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများဖြင့် ပျိုးထောင်ပေးနေခြင်းမှာ ခေတ်မီဖွံ့ဖြိုးသော နိုင်ငံတော်ကြီးကို တည်ဆောက်မည့် စွမ်းရည်ပြည့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးရန်ဖြစ်လေသည်။

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် (ယခု နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်)ထောက်ပြရည်ညွှန်းသည့်အတိုင်း မိမိနိုင်ငံ၊ မိမိလူမျိုး၏ အနာဂတ်ကံကြမ္မာကို အမျိုးသားရေးအကျိုးစီးပွား အဖြစ်ထွန်းနိုင်ဆုံး လမ်းကြောင်းပေါ်တွင် တည့်မတ်ခိုင်မာစွာ ဖြစ်ထွန်းလာရေးအတွက် မိမိတို့၏ ကိုယ်ပိုင်အမျိုးသားရေးစွမ်းအားကို ခိုင်မာတောင့်တင်းအောင် တည်ဆောက်ကြရမည်ဖြစ်ပေသည်။

ယနေ့ကမ္ဘာသည် ရပ်တန့်တုံ့ဆိုင်းမနေဘဲ သတင်းနည်းပညာ၊ အဆင့်မြင့်အတတ်ပညာများကို သူ့ထက်ငါကြိုးပမ်းဖော်ထုတ် အသုံးချနေချိန်ဖြစ်သည်။ ထို့ကြောင့်လည်း ယနေ့ခေတ်ကို ပညာခေတ်ဟု သမုတ်လာနေကြခြင်း ဖြစ်ပေသည်။ အဘယ်ကြောင့် ဤသို့သမုတ်ကြသနည်းဆိုသော် ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်အားလုံးကို ပညာရေးက တွင်တွင်ကျယ်ကျယ်လွှမ်းမိုးပိုင်းဖြတ်လာသည့်အတွက် ဖြစ်ပေသည်။ ပညာရေးသည် တဖြည်းဖြည်း ပိုမိုကျယ်ဝန်းနက်ရှိုင်းလာသည်နှင့်အမျှ ပညာရေးကဏ္ဍတိုးတက်ဖြစ်ထွန်းလာအောင် ကြိုးပမ်းကြရမည်ဖြစ်သည်။ ယင်းသို့ကြိုးပမ်းရာ၌ ပညာရှင်များသာမက တစ်မျိုးသားလုံး ဝိုင်းဝန်းကြိုးပမ်း မြှင့်တင်သွားကြရမည်ဖြစ်ပေသည်။ ပညာရည်မြှင့်တင်မှုကို အားမထုတ်လျှင် ကမ္ဘာ့ခေတ်မီဖွံ့ဖြိုးတိုးတက်မှုနှုန်းနှင့် ထက်ကြပ်လိုက်ပါနိုင်ကြမည်မဟုတ်ပေ။ သူများနောက်မှ ခြေကျင်၊ ကုန်းကြောင်း လျှောက်နေရကဲ့သို့ နောက်ကျကျန်ရစ်မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ပညာနိုးကြားမှု၊ ပညာတက်ကြွမှုများဖြင့် အစွမ်းကုန်အဟုန်မြှင့် ကြိုးပမ်းနေကြခြင်းဖြစ်သည်။

ဤသို့ မြန်မာနိုင်ငံတစ်နံတစ်လျား ကိုယ့်နိုင်ငံ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းနေချိန် ဤဆောင်းပါးအစပိုင်း၌ ကောက်နုတ်တင်ပြခဲ့သည့် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်(ယခုနိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်)၏ အမှာစကားအတိုင်း ပြည်တွင်း၊ ပြည်ပအဖျက်အမှောင့်သမားများက ဖျက်လိုဖျက်ဆီး ဟန့်တားနှောင့်ယှက်လာကြခြင်း ဖြစ်သည်။ မြန်မာတို့၏ တိုးတက်ရေး၊ ဖွံ့ဖြိုးရေး၊ စည်ပင်ဝပြောရေးကြိုးပမ်းမှုသည် လုံးဝအပြစ်ကင်းသည်။ ကိုယ့်နိုင်ငံ၌မရှိသော၊ မရနိုင်သောအရာကို သူတစ်ပါးနိုင်ငံလုယက်ရယူပြီး တည်ဆောက်နေခြင်းမဟုတ်၊ ကိုယ့်ပြည်တွင်းရှိ ပြည်သူ့အင်အား၊ သယံဇာတ အရင်းအမြစ်များကို အရင်းခံပြီး ကြိုးပမ်းတည်ဆောက်နေခြင်းသာဖြစ်သည်။ ဆိုလိုသည်မှာ မြန်မာတို့၏ အပြစ်ကင်းသော တိုင်းကျိုးပြည်ပြုကြိုးပမ်းမှု၊ အမျိုးသားအကျိုးစီးပွား တည်ဆောက်မှုကို ဖျက်ဆီးရန်၊ နှောင့်ယှက်ရန် မည်သူမည်ဝါ၊ မည်သည့်နိုင်ငံ၊ မည်သည့်အင်အားစုတွင်မှ အခွင့်အရေးမရှိပေ။

မြန်မာနိုင်ငံ၏ ကြိုးပမ်းမှုများ၊ အောင်မြင်နေမှုများကို ပျက်ရာပျက်ကြောင်း ရည်သန်ပြီး မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့လာနေသည်ကိုလည်း တွေ့နေကြားနေရပေသည်။ ယင်းလုပ်ရပ်၏ စေတနာဆိုးကို မြန်မာနိုင်ငံအမျိုးသားပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့်(ယခု နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်)က အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆို ပြလိုက်သည်။

"အမှန်တကယ်တော့ စီးပွားရေးပိတ်ဆို့မှုဆိုသည်မှာ နိုင်ငံတကာက လက်ခံထားသည့် နိုင်ငံအချင်းချင်း တန်းတူရည်တူမှုကို လျစ်လျူရှုပြီး နိုင်ငံကြီးများကသာ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် တစ်ဖက်သတ်ပြုကျင့်နိုင်သည့် ကြီးနိုင်ငယ်ညှဉ်း လုပ်ရပ်တစ်ခုပင်ဖြစ်သည်။ မိမိခြေထောက်အပေါ် မိမိရပ်တည်ရန် ကြိုးစားအားထုတ်နေသည့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအပေါ် နိုင်ငံကြီးတစ်ခုကနေ စီးပွားရေး၊ ကုန်သွယ်ရေး၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ တုံ့နှေးရပ်ဆိုင်းသွားစေရန်ဆိုသည့် ဆိုးညစ်သော ရည်ရွယ်ချက်ဖြင့် ပိတ်ဆို့ဟန့်တားမှုများ လုပ်ဆောင်ခြင်းသည် လူသားချင်းစာနာစိတ်ကင်းမဲ့စွာဖြင့် အနိုင်ကျင့်ခြင်းသာ ဖြစ်သည်။"

"အထူးသဖြင့် ပြည်သူများ ကျပ်တည်းခက်ခဲ ဆင်းရဲပြီး ဆူပူပေါက်ကွဲလာအောင်၊ မင်းမဲ့စရိုက်များ ဖြစ်ပေါ်လွှမ်းမိုးလာအောင် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည့်အတွက် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက်ကြောင့် ပြည်သူအများ ဒုက္ခရောက်အောင် တမင်ဖန်တီးလိုက်ခြင်းဖြစ်သည်။"

မြန်မာနိုင်ငံသည် တည်ငြိမ်အေးချမ်းမှု၊ ပြည်သူဘဝတိုးတက်မှု၊ လူနေမှုအဆင့်အတန်း မြင့်မားမှု၊ အသိပညာရေး၊ လူမှုရေးအခြေခံများတိုးတက်စေပြီး ပြည်သူတို့၏ အသိအမြင်ကြွယ်ဝမှု အခြေခံကောင်းများဖြစ်ထွန်းအောင် အစီအစဉ်တကျ ဖြည့်စွမ်းနေချိန်ဖြစ်သည်။ သို့မှလည်းစစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ဖြစ်ထွန်းလာနိုင်မည်ဖြစ်သည်။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီသည် ဖွံ့ဖြိုးဆဲနိုင်ငံများကို စွက်ဖက်ပုံသွင်းရန် အကွက်ချစီစဉ်နေသည့် အင်အားကြီးနိုင်ငံအချို့၏ ပုံစံခွက်၊ တံဆိပ်ကပ်ဒီမိုကရေစီမျိုး မဟုတ်ပေ။

စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့်ပတ်သက်၍ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် (ယခု နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်)၏ ရှင်းလင်းပြောကြားချက်ကိုလည်း မှတ်သားနိုင်ကြရန် အောက်တွင်တင်ပြလိုက်ရပါသည်။

"စစ်မှန်သည့်ဒီမိုကရေစီစနစ်ပေါ်ထွန်းလာရေးတွင် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှု အခြေခံကောင်းများ၊ နိုင်ငံတော်၏တရားဥပဒေ စည်းမျဉ်း၊ စည်းကမ်းများကို နိုင်ငံသူ၊ နိုင်ငံသားအားလုံးက လေးစားလိုက်နာတတ်သည့် အလေ့အကျင့်ကောင်းများ၊ အမျိုးသားရေးအကျိုးစီးပွားကို ရှေ့တန်းတင် အလေးထားမှု၊ အများအကျိုးအတွက် မိမိ၏လိုအင်ဆန္ဒကို ချုပ်တည်းနိုင်မှု၊ နိုင်ငံနှင့် ပြည်သူအတွက် အပြုသဘောဆောင်ရွက်နိုင်မှု စသည့်စိတ်ပိုင်းဆိုင်ရာ အခြေခံကောင်းများ ဦးစွာဖြစ်ထွန်းနေရန်လည်း လိုအပ်မည်ဖြစ်သည်။"

"ထို့အပြင် နှစ်ပေါင်းထောင်ချီပြီး အေးအတူပူအမျှ ဥမကွဲသိုက်မပျက်ပေါင်းစည်းချစ်ကြည် နေထိုင်လာခဲ့ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအကြား သမိုင်းအစဉ်အဆက် ဖြစ်ထွန်းတည်တံ့လာခဲ့သည့် တိုင်းရင်းသားချစ်ကြည်သွေးစည်းမှု အခြေခံများ၊ မိသားစုသဖွယ် ပေါင်းစည်းဆက်နွှယ်နေထိုင်ရင်း ဖြစ်ထွန်းလာခဲ့သည့် ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ မပြိုမကွဲ တည်တံ့ခိုင်မြဲစေရမည်ဆိုသည့် မှန်ကန်သောခံယူချက်၊ ယုံကြည်ချက်များ မိမိတို့ တိုင်းရင်းသားလူမျိုးများအကြား၌ ရှင်သန်လာစေရအောင် ကြိုးပမ်းဆောင်ရွက်ကြရဦးမည်ဖြစ်သည်။"

"ထို့ပြင် မြန်မာ့ရေမြေသဘာဝနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာများ၊ မြန်မာတို့၏ မျိုးရိုးဗီဇစိတ်ဓာတ်များ၊ မြန်မာ့သမိုင်းကြောင်းအခြေခံများ၊ ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေးကို အခြေခံသည့် အာရှဒေသ၏ သမိုင်းကြောင်းအစဉ်အလာများနှင့် ဆီလျော်ညီညွတ်သည့် ဒီမိုကရေစီစနစ်တစ်ရပ် ဖြစ်ထွန်းလာရေးအတွက် လိုအပ်သောအခြေခံကောင်းများကို ဖန်တီးဖော်ဆောင် သွားကြရဦးမည်ဖြစ်သည်။"

"အထူးသဖြင့် စစ်မှန်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ် တည်တံ့ခိုင်မြဲရေးကို ရေရှည်အာမခံနိုင်မည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အခြေခံကောင်းများ အခိုင်အမာဖြစ်တည်လာစေရအောင် တိုင်းရင်းသား လူမျိုးများအားလုံး နိုင်ငံသူ၊ နိုင်ငံသားများအားလုံး ဆက်လက်ပြီးလက်တွဲပူးပေါင်း တည်ဆောက်သွားကြရန် လိုအပ်ဦးမည်ဖြစ်သည်။"

"ယင်းကဲ့သို့ ခိုင်မာမှန်ကန်သည့် အခြေခံများ၊ အမျိုးသားရေးလိုအပ်ချက်များ ဖြစ်ထွန်း ပေါ်ပေါက်လာမှသာ တည်ငြိမ်ခိုင်ခံ့ပြီး အမျိုးသားရေး အကျိုးစီးပွားကို အာမခံနိုင်သည့် ဒီမိုကရေစီစနစ်တစ်ရပ် ပီပီပြင်ပြင် ပေါ်ထွန်းလာနိုင်မည် ဖြစ်သည်ဟု ပြောကြားလိုသည်။" ။

စက်တင်ဘာလထုတ် ငွေတာရီမဂ္ဂဇင်း ထွက်ပြီ

ရန်ကုန် စက်တင်ဘာ ၃

၂၀၀၃ ခုနှစ် စက်တင်ဘာလထုတ် ငွေတာရီမဂ္ဂဇင်းတွင် စိုးမြင့်လေး၏ ပန်းချီမျက်နှာဖုံးနှင့် ထီလာစစ်သူ၊ မြင်းမူမောင်နိုင်မိုး၊ မြတ်လွမ်းနောင် (ပုတီးကုန်း)၊ မောင်ကြင်နွယ်၊ မောင်စောထွန်း(ကျောင်းကုန်း)၊ မောင်ဟေမာ၊ မောင်ကြည်သော်(ကောလင်း)၊ဝင်းဆနောင်၊ မောင်စိုးမြတ် (ချောင်းဦး)၊ မောင်လှိုင်သင်း(စကု)၊ ရွှေခြံဆွေဦး၊ သိပ္ပံစိုးမြင့်နိုင်တို့၏ အဖွင့်ကဗျာများ၊ ငြိမ်းငြိမ်း (ကျိုင်းတုံ)၊ ညွှန့်ဟန်(ကြူတော)၊ အောင်ပန်းဝေ(LL.B)၊ ဆုမင်းမင်းကို၊ မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၊ မောင်ဆုရှင်၊ စောမုံညင်း၊ လွမ်းထိုက်အောင် (ပင်လောင်း)၊သော်ဇင်သစ်၊ မောင်ကြည်သစ်ဦး၊သုတ၊ကိုလွမ်း၊ဗိုထိပ်၊ စောမြတ်မင်း၊ ဆြာစန်း၊ ဟန်လွင်လွင်လှိုင်-ဒိုက်ဦး၊ အာမီအေးမင်း၊ တွင်းကြီးသားတင်ဝင်းဦး၊ဦးကလျာဏ(သရက်တော)၊ မင်းဇံနေလှိုင်း(ပွင့်ဖြူ)၊ စိုလက်နီ၊ ညိုယဉ်သွေးတို့၏ ဆောင်းပါးများ၊ ငွေမောင်၊ဖိုးကျော၊ရွှေမြိတ်သောင်းတင်၊ မောင်ချစ်စိန်၊ နန္ဒာမိုးကြယ်၊ မောင်မြင့်ထူး၊ဇင်၊မချောယဉ်(မိုးညှင်း)၊ကြည်သာတို့၏ ဝတ္ထုများ၊ ဒေါ်ခင်ဝင်းကြည် (ဌာနမှူး-ပါမောက္ခ)၊ ပါမောက္ခ ဒေါက်တာ ခင်မာထွန်း (ဓာတုဗေဒ) တို့၏အဝေးသင်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာ ပို့ချချက်များနှင့် ကာတွန်း မြေဇာ၊ အောင်ချမ်းမြေ့ (မင်းဘူး)၊ မောင်တင်ယု၊ ကျော်ကျော်လွင်၊ မိုးမခ (ကျောက်ဆည်)၊ ကိုငွေလေးတို့၏ ကာတွန်းလက်ရာများကို ဖော်ပြထားသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)



မြဝတီရုပ်မြင်သံကြားအစီအစဉ်

၄-၉-၂၀၀၃ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ အဖွင့်သီချင်း
၇း၁၀	၃။ မျိုးချစ်တပ်မတော်
၇း၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈း၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၅	၂။ အဖွင့်သီချင်း
၄း၁၀	၃။ မျိုးချစ်တပ်မတော်
၄း၂၀	၄။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄း၂၅	၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၄၅	၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄း၅၅	၈။ မျိုးချစ်တပ်မတော်
၅း၀၅	၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က) ပထမနှစ် (အင်္ဂလိပ်စာ) (ခ) ပထမနှစ် (မြန်မာမှုပညာ)
၅း၃၅	၁၀။ တိုင်းကျိုးပြည်ပြုတို့ရှေးရှု
၅း၄၅	၁၁။ သာယာသိကြွေးခေတ်ဆန်းတေး
၆း၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၃။ နိုင်ငံတကာသတင်း
၆း၂၀	၁၄။ မိုးလေဝသသတင်း
၆း၂၅	၁၅။ မြန်မာ့ရှုခင်း
၆း၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း နေခြည်ဆမ်းတဲ့ ချစ်ပန်းဝတ်ရည် (အပိုင်း-၁၁)**
၈း၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
	၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း သိုင်းညီနောင် (အပိုင်း-၅)**
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ။

စက်မှုစွမ်းအား ခေတ်ကျော်လွှား

FIANCE အလှကုန်ပစ္စည်း အမျိုးမျိုး ပါဝင်မည်။ (ဓာတ်ပုံ-ညီဘိုဘိုချော)

Hnin Hnin Khine Co.,Ltd ၏ သွင်းကုန်အစားထိုး ထုတ်ကုန်ဖြစ်သော Eagle ဆပ်ပြာမှုန့်စက်ရုံ မြင်ကွင်း။ (ဓာတ်ပုံ-ညီဘိုဘိုချော)

➪ စီးပွားဖွံ့ဖြိုးတိုးတက်ရေးမှ

ပြပွဲခင်းကျင်းပြသရန် စီစဉ်ပြင်ဆင်နေမှု အခြေအနေနှင့်ပတ်သက်ပြီး ဒါရိုက်တာ အဖွဲ့ဝင်များနှင့် တွေ့ဆုံမေးမြန်းရာတွင် "ပြပွဲတွေ ခင်းကျင်းပြသနိုင်တဲ့အတွက် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ရဲ့ ထုတ်ကုန်ပစ္စည်းတွေ၊ ပြည်ပမှ တင်သွင်းရောက်ရှိလာတဲ့ ကုန်ပစ္စည်းတွေကို အများပြည်သူနှင့် တိုက်ရိုက် ထိတွေ့မိတ်ဆက်နိုင်ခြင်း၊ အရောင်းမြှင့်တင်ရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ခြင်း အခွင့်အလမ်းတွေ ရရှိစေမှာဖြစ်ကြောင်း၊ ထို့အပြင် စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် နည်းပညာနှင့် အတွေ့အကြုံများ ပေါင်းစပ်ဖလှယ်နိုင်စေရန်၊ ပိုမိုခိုင်မာသော ဈေးကွက်ရရှိစေရန်နှင့် နိုင်ငံတော်သစ် တည်ဆောက်ရာတွင် စီးပွားရေးစနစ် အခြေခံကောင်းများရရှိစေရန်တို့ကို ရည်ရွယ်ပါကြောင်း" ရှင်းပြသည်။

ပါဝင်ခင်းကျင်းမည်

မြန်မာ့ကုန်စည်ပြပွဲ ၂၀၀၃တွင် ပြည်တွင်းပြည်ပမှ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ အိမ်အလှဆင်နှင့် မော်တော်ယာဉ်သုံး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်ပစ္စည်းအမျိုးမျိုး၊ လျှပ်စစ်နှင့် အီလက်ထရောနစ် ပစ္စည်းအမျိုးမျိုး၊ တိုင်းရင်းဆေးနှင့် ဆေးဝါးအမျိုးမျိုး တို့အပြင် သတင်းနည်းပညာနှင့်ပတ်သက်သော ပစ္စည်းအမျိုးမျိုးတို့၏ ပြခန်းများ ပါဝင်ခင်းကျင်းပြသရန် စီစဉ်ထားကြောင်းသိရသည်။

ပြပွဲတွင် ပါဝင်ပြသမည့် ကုမ္ပဏီလုပ်ငန်းများအား စူးစမ်းရာတွင် နာမည်ကြီး Fiance အလှကုန်ပစ္စည်းတင်သွင်းဖြန့်ချိနေသော Summit World Industrial Co.,Ltd မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်စန္ဒာခိုင်က "ဈေးနှုန်းချိုသာတဲ့ မိမိတို့ အလှကုန်ပစ္စည်းတွေ သုံးစွဲသူတွေလက်ထဲ အလွယ်တကူရောက်ရအောင် ပြပွဲမှာ ပါဝင်ရခြင်းဖြစ်ကြောင်း၊ အရည်အသွေးမြင့်မားတဲ့ Fiance မိတ်ကပ် အမျိုးမျိုး၊ ရေမွှေးအမျိုးမျိုး၊ အလှကုန်များကို တိုက်ရိုက်တွေ့ထိစေမှာဖြစ်ကြောင်း၊ Hnin Hnin Khine Co.,Ltd. နှင့် Green Circle Co.,Ltd ၏ ဒုတိယ အထွေထွေမန်နေဂျာ ဦးမြတ်ထွဋ်က "မိမိတို့အနေဖြင့် သွင်းကုန်အစားထိုး အဆင့်မြင့် ထုတ်ကုန်ပစ္စည်းတစ်ခုဖြစ်သည့် Ve Ve ဖျော်ရည်မျိုးစုံကို တိုက်ရိုက် လွယ်လင့်တကူ ဝယ်ယူရရှိအောင် စီစဉ်ထားကြောင်း၊ မြန်မာနိုင်ငံမှထွက်သော သဘာဝ မန်ကျည်းသီး၊ဆီးသီးတို့နှင့် သန့်ရှင်းလတ်ဆတ်စွာ စနစ်တကျဖော်စပ်ထားကြောင်း၊ ဒါ့အပြင် မိမိတို့ရဲ့ထုတ်ကုန်တစ်ခုဖြစ်သည့် Eagle ဆပ်ပြာမှုန့်များလည်း ပါဝင်မှာဖြစ်ကြောင်း၊" ၎င်းအပြင် Light House Enterprise Ltd မှ ဒါရိုက်တာ ဦးစိန်ဝင်းကလည်း "ရောင်းအားမြှင့်တင်ရေးအနေဖြင့် မိမိတို့က မော်တော်ယာဉ်သုံး OTANI တာယာများကို အရွယ်အစားအမျိုးမျိုး ခင်းကျင်း ပြသမှာ ဖြစ်ကြောင်း၊ ဒါ့အပြင်မော်တော်ယာဉ်တွေ အမြဲသုံးစွဲရသည့် UNITED OIL အင်ဂျင်ဝိုင်လည်း ပါဝင်ကြောင်း၊ အဆင့်မြင့်ပစ္စည်းသုံးစွဲနိုင်ရေးကို ရည်ရွယ်ပါကြောင်း" ပြောကြားသည်။ ထို့အပြင် Reckitt Benckisen Ltd မှတစ်ဆင့် Asia Light Co.,Ltd မှ တင်သွင်းရောင်းချသော Shieldtox အမှတ်တံဆိပ် ခြင်ဆေးခွေများအပြင် Happy Cow နို့ဆီများကို ခင်းကျင်းပြသရန် စီစဉ်ထားသည်။

ဆက်လက်၍ မြန်မာ့ဓလေ့ဖြစ်သည့်ပွဲပါမှ လူစည်သည် ဆိုစကားအတိုင်း ပြပွဲလာရောက်သူတွေ စိတ်နှလုံး ပျော်ရွှင်စေရန်အတွက် ဖျော်ဖြေရေးကဏ္ဍ ဆောင်ရွက်မည့် Star Entertainment Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဥာဏ်လွင်က "အနုပညာရှင်များ၊ လှပျိုဖြူ ကလေးများ၊ သရုပ်ဆောင်များ၏ ဖျော်ဖြေရေးအစီအစဉ်တွေများစွာ စီစဉ်ထားကြောင်း၊ ဒီလိုပါဝင်ဆောင်ရွက်ရသည့်အတွက် မိမိတို့ကုမ္ပဏီအနေဖြင့် အဖွဲ့ဝင်အင်အားသစ်တွေရနိုင်တဲ့ အကျိုးရလဒ် ရရှိမှာဖြစ်ကြောင်း၊ ကြော်ငြာသရုပ်ဆောင်ပြိုင်ပွဲမှာ နာမည်ကြီးအနုပညာရှင်တွေ ကိုယ်တိုင်လာရောက် အဆုံးအဖြတ်ပေးမှာဖြစ်ကြောင်း၊ ပထမဆု ၉၉၉၉၉ကျပ်၊ ဒုတိယဆု ၆၉၉၉၉ကျပ်နှင့် တတိယဆု ၄၉၉၉၉ကျပ် ချီးမြှင့်မှာဖြစ်ကြောင်း ပါဝင်ယှဉ်ပြိုင်လိုသူများ ဖုန်း-၅၇၃၁၄၈ကို ဆက်သွယ်နိုင်ကြောင်း" ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

မြန်မာ့ကုန်စည်ပြပွဲ ၂၀၀၃ကို စုစည်းစီစဉ်သော Quartz International Co.,Ltd မန်နေဂျင်းဒါရိုက်တာ ဒေါ်မြတ်သက်အေးက "ပြပွဲမှာ ကြည့်ရှုလေ့လာသူတွေ၊ ကုန်ပစ္စည်း ဝယ်ယူအားပေးသူတွေအနေဖြင့် တစ်နေရာတည်းမှာ စိတ်ကြိုက်ရွေးချယ် ဝယ်ယူနိုင်မှာဖြစ်သည့်အပြင် လုပ်ငန်းရှင်တွေဘက်မှလည်း ဈေးနှုန်းချိုသာစွာ ရောင်းချပေးမှာဖြစ်ကြောင်း၊ မိမိတို့ပြပွဲကို စက်တင်ဘာလ ၅ရက်မှ ၈ရက်အထိ နံနက် ၉နာရီမှ ညနေ ၆နာရီအထိ ခင်းကျင်းပြသမှာဖြစ်ကြောင်း၊ ထုတ်ကုန်သွင်းကုန်ပစ္စည်းအမျိုးမျိုး၊ အဆင့်မြင့်ထုတ်လုပ်သည့် သွင်းကုန်အစားထိုး ကုန်ပစ္စည်းများ တစုတဝေးတည်း အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ပြီး ပွဲလည်းကြည့်ရင်း လိုအပ်သလို ဝယ်ယူအားပေးနိုင်ပါကြောင်းကိုကြေးမုံမှ တစ်ဆင့် သတင်းကောင်းပါး ဖိတ်ခေါ်လိုပါကြောင်း" ဆက်လက်ရှင်းလင်း ပြောကြားသည်။

အဆိုပါ အဆင့်မြင့်ကုန်ပစ္စည်းပြပွဲများ ခင်းကျင်းပြသခြင်းသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးကို ဦးတည်သော စီးပွားရေးမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများအဖြစ် တိုက်ရိုက်အထောက်အကူပြု ပေါ်လွင်နေပါကြောင်း ဖော်ပြအပ်ပါသည်။ ။

မော်တော်ယာဉ်သုံး တာယာမျိုးစုံ၊အင်ဂျင်ဝိုင်များလည်း ပါဝင်မည်။ (ဓာတ်ပုံ-ညီဘိုဘိုချော)

ရှေးဟောင်းပေစာ ပုရပိုက်နှင့် တံဆိပ်တော်များ အမျိုးသားစာကြည့်တိုက်သို့ ပေးအပ်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၃

ရန်ကုန်မြို့ရှိ အမျိုးသားစာကြည့်တိုက်သို့ မကွေးတိုင်း ငဖဲမြို့နယ် ပန်းထိမ်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းများမှ ရှေးဟောင်းပေစာပုရပိုက်နှင့် တံဆိပ်တော်များလှူဒါန်းပွဲကို ပန်းထိမ်းကျေးရွာရှိ သိမ်ကုန်းကျောင်းတိုက်တွင် ဩဂုတ် ၂၆ရက်နံနက်က ကျင်းပသည်။

ယင်းလှူဒါန်းပွဲအခမ်းအနားသို့ ငဖဲမြို့နယ်ဩဝါဒါစရိယဆရာတော် ဦးနန္ဒိယ၊ သိမ်ကုန်းကျောင်း ဆရာတော် ဦးသုမင်္ဂလ၊ သိမ်တော်ကျောင်း ဆရာတော် ဦးအဂ္ဂဝံသ၊ ဇောတိကရတနာအောင်မြေ တပ်ဦးကျောင်းဆရာတော် ဦးကုသလ၊ ပဒါန်းတပ်နယ်မှူး ဗိုလ်မှူးကြီးမင်းကို၊ ပန်းထိမ်းကျေးရွာမှ ခေတ္တတပ်ရင်းမှူး ဗိုလ်မှူးကျော်အောင်၊ ငဖဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ တက်ရောက်ကြသည်။ ယင်းပေစာပုရပိုက်များကို အမျိုးသားစာကြည့်တိုက်မှ ညွှန်ကြားရေးမှူး ဦးကျော်ဦးက လက်ခံရယူပြီး ရန်ကုန်မြို့အမျိုးသားစာကြည့်တိုက်တွင် အများပြည်သူဖတ်ရှုနိုင်ရန်အတွက် ထိန်းသိမ်းထားမည်ဖြစ်ကြောင်း သိရသည်။ (၃၅၇)

၂၀၀၃ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲ ဆုရရှိသူများ စာရင်းထုတ်ပြန်

ရန်ကုန် စက်တင်ဘာ ၃

၂၀၀၃ ခုနှစ် စက်တင်ဘာ ၈ ရက်တွင် ကျရောက်မည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲများ ကျင်းပခဲ့ရာ ဆုရရှိသူများစာရင်းကို သက်ဆိုင်ရာက ယနေ့ ထုတ်ပြန်ကြေညာသည်။

—— ဆုရရှိ ——

ဆောင်းပါးပြိုင်ပွဲ (အလွတ်တန်း)တွင် ပထမ ဦးသန်းဝင်း (မောင်သန်းဝင်း-ရန်ကုန်တက္ကသိုလ်)၊ ဒုတိယ ဦးသန်းမင်းထိုက်(သန်းမင်းထိုက်-မြန်မာစာ)၊ တတိယ သပြေနု(ဒေါ်စိုးယဉ်ပြုံး-မြန်မာ့အသံ)၊ ပညာရေးကောလိပ် အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ မဋ္ဌေးအိအိ(မော်လမြိုင်ပညာရေးကောလိပ်)၊ ဒုတိယ မသင်းသင်းအောင် (မန္တလေး ပညာရေးကောလိပ်)၊ တတိယ နန်းခင်ခင်ဝင်း (တောင်ကြီးပညာရေးကောလိပ်)၊ အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ မဂျာဆန်းဘူ(အလက-၃၊ မြစ်ကြီးနား)၊ ဒုတိယ မမေထူးသော်(အထက-၁၊ ပြည်)၊ တတိယ မထူးထူးထက် (အထက-၆၊ မော်လမြိုင်)၊ အခြေခံပညာအလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲတွင် ပထမ မောင်အာကာမျိုး (အထက-၁၊ မန္တလေး)၊ ဒုတိယ မောင်မျိုးနိုင်ဦး(အထက-၂၊ စစ်တွေ)၊ တတိယ မောင်မင်းပြည့်စုံ (အထက-၃၊ ပြည်)တို့က ရရှိကြသည်။

—— လာရောက်သတင်းပို့ရန် ——

ပြိုင်ပွဲအသီးသီးတွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသူအားလုံးသည် စက်တင်ဘာ ၈ ရက်တွင် ကျင်းပမည့် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ဆုယူရန်အတွက် စက်တင်ဘာ ၆ ရက် (စနေနေ့) နောက်ဆုံးထား၍ ဦးမြတ်နိုင် (အထက်တန်း သုတေသနအရာရှိ) မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ အမှတ်(၄၂၆) ပြည်လမ်း ကမာရွတ်မြို့နယ် ဖုန်း-၅၀၂၀၇၇သို့ လူကိုယ်တိုင်လာရောက်သတင်းပို့ကြရန် နှိုးဆော်ထားသည်။ (သတင်းစဉ်)

ကွန်ပျူတာပရိုဂရမ် သင်တန်းဖွင့်လှစ်မည်

ရန်ကုန် စက်တင်ဘာ ၃

Myanmar Information Technology နှင့် Queen Star Computer Center တို့ ပူးပေါင်းဖွင့်လှစ်သော Myanmar Professional Education Centre မှ Visual Basic Programming ကို အခြေခံမှစ၍ လေ့လာလိုသူများအတွက် Client Server Application Development Level-1 သင်တန်းကို ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

သင်တန်းတွင် Visual Basic 6.0, Access 2000 နှင့် Crystal Report တို့ကို သင်ကြားပေးနေပြီး သင်တန်းပြီးဆုံးက Visual Basic ဖြင့် Project တစ်ခုကို ကိုယ်တိုင်ရေးသားနိုင်မည်ဖြစ်သည်။ MIT မှ Experience ရှိသော Progammer များ ကိုယ်တိုင် စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်သည်။ အခန်း(၁) ဗဒ္ဓမာကွင်း ဗားကရာလမ်း စမ်းချောင်း၊ ဖုန်း-၅၀၂၈၀၁၊ ၅၀၅၂၇၈၊ ၅၃၉၁၅၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

အုတ်မြစ်သည်သာ အခရာ

* ဤလောကမှာ၊ အရာရာသည်
ခိုင်မာအုတ်မြစ်၊ ကျစ်လျစ်ခြေခံ
အမှန်ရှိမှ၊ စိတ်ချရ၏။
* အုတ်မြစ်ခိုင်မာ၊ သေချာမချ
အိမ်ဆောက်ကြလျှင်၊ ကျနသေချာ
မရှိတာကြောင့်၊ အိမ်မှာယိမ်းယိုင်
ခြေမခိုင်ဘဲ၊ ပြိုလဲမြေခ
ဗုန်းဗုန်းကျလျက်၊ အိမ်ကလူတွေ
ဒုက္ခဝေရ၊ ဆုံးရှုံးရပုံ
အလုံးစုံကို၊ မြင်ရုံမျှသာ
မကပါဘဲ၊ ဒီအထဲမှာ
တို့လည်းကြုံခဲ့ဖူးပါပြီ။
* တို့အိမ်သစ်ဆောက်၊ ဒီတစ်ခေါက်တော့
ရှေ့နောက်ဆင်ခြင်၊ မြော်မြင်တွက်ဆ
အုတ်မြစ်ချရန်၊ စီမံအားထုတ်
အလုပ်လုပ်စို့၊ ကြိုးပမ်းစို့။ ။

ဖိုးဝ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မန္တလေးတိုင်းနှင့်စစ်ကိုင်းတိုင်းတို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မြစ်ရေတင်စီမံကိန်းများ၊ မိုးစပါးစိုက်ပျိုးမှုအခြေအနေများ လှည့်လည်စစ်ဆေး

ရန်ကုန် စက်တင်ဘာ ၃

စစ်ကိုင်းတိုင်း မုံရွာမြို့တွင်ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးရဲထွဋ်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တပ်မတော်အရာရှိများ၊ စစ်ကိုင်းတိုင်းနှင့် ခရိုင်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များလိုက်ပါလျက် မုံရွာလေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်းနှင့် ချင်းတွင်းမြစ်ရေတင်စီမံကိန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဘုတလင်မြို့နယ်ရှိ အင်းတောလျှပ်စစ်မြစ်ရေတင် စီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အင်းတောမြစ်ရေတင်

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် နံနက်၇နာရီခွဲတွင် မုံရွာမြို့မှ ရေယာဉ်ဖြင့်ချင်းတွင်းမြစ်ရိုးအတိုင်း ထွက်ခွာကြရာ နံနက်၈နာရီတွင် စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ်ရှိ အင်းတောလျှပ်စစ် မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြပြီး အင်းတောလျှပ်စစ်မြစ်ရေတင် ပင်မမြောင်းမကြီးတည်ဆောက်ပြီးစီးနေမှုနှင့် ရေပိုက်များသွယ်တန်း ပြီးစီးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်က ရေမြောင်းများအတွင်း ရေတင်စမ်းသပ်ရေးနှင့် လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ချင်းတွင်းမြစ်ရိုးအတိုင်း ရေယာဉ်ဖြင့် ထွက်ခွာကြရာ နံနက် ၉နာရီတွင် စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ကျောက်မျက်ရွာအနီးရှိညောင်ပင်ကြီး လျှပ်စစ်မြစ်ရေတင် စီမံကိန်းသို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ညောင်ပင်ကြီးလျှပ်စစ်မြစ်ရေတင် စီမံကိန်း၌ ပင်မမြောင်းမကြီးနှင့် ရေငြိမ်ကန်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ငွေသာရေလှောင်တမံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ နံနက်၁၀နာရီ ၁၀မိနစ်တွင် ဆားလင်းကြီးမြို့နယ် ငွေသာကျေးရွာအနောက်ဘက်ရှိ ငွေသာရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရေလှောင်တမံမြေကြီး လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တမံပိတ်မည့်ချောင်း၏ ရေစီးရေလာနှင့် ပတ်ဝန်းကျင်အခြေအနေများ၊ ရေလှောင်တမံရေပိုလွှဲတည်ဆောက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ငွေသာရေလှောင်တမံ စီမံကိန်းမှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး ပုခန်းကြီး–ပခုက္ကူ ကားလမ်းအတိုင်း ပခုက္ကူမြို့သို့ ဆက်လက်ထွက်ခွာကြရာ မွန်းလွဲ ၁နာရီတွင် ပခုက္ကူမြို့သို့ ရောက်ရှိကြသည်။

အမှာစကားပြောကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ပခုက္ကူတပ်နယ် ရဲတံခွန်ခန်းမ၌ ပခုက္ကူတပ်နယ်မှ အရာရှိ အရာခံ အကြပ်စစ်သည် မိသားစုများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ယင်းအခမ်းအနားသို့ ပခုက္ကူတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်ထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ အရာရှိ အရာခံ အကြပ်စစ်သည်နှင့် မိသားစုများ တက်ရောက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပခုက္ကူတပ်နယ်အတွင်းရှိ တပ်ရင်းအိမ်ထောင်သည်လိုင်းများ၊ တပ်ရင်းစိုက်ခင်းများ၊ တပ်ရင်းအဆောက်အအုံများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ရေပေးကန်

ဆက်လက်၍ ဆုကြီးပန်ကုန်းတော်ပေါ်ရှိ ပခုက္ကူမြို့ ရေပေးရေးရေကန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆုကြီးပန်ကုန်းတော်အနီးရှိ ဒီပါအောင်မြေစေတော်ဝင် မြစိမ်းတောင်ပေါ်မှ ပခုက္ကူမြို့၏ သစ်ပင်သစ်တောများဖြင့် စိမ်းလန်းစိုပြည်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပခုက္ကူမြို့ ရွှေတန့်တစ် ဘုရားအဝင်လမ်းပေါ်ရှိ ပခုက္ကူချည်မျှင်နှင့် အထည်စက်ရုံ စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စီမံကိန်းဒါရိုက်တာဦးအောင်ဝင်းက ပခုက္ကူချည်မျှင်နှင့် အထည်စက်ရုံစီမံကိန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပခုက္ကူချည်မျှင်နှင့် အထည်စက်ရုံ စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်၍ ပင်မစက်ရုံအဆောက်အအုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားသည်။

ကျော့ဇီမြစ်ရေတင်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာကြကာ ရွှေတန့်တစ်ဇက်ဆိပ်မှ ရေယာဉ်ဖြင့် မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့နယ်ရှိ ကျော့ဇီလျှပ်စစ် မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မြစ်ရေတင်လုပ်ငန်းတွင် လိုအပ်ချက်များ အပြန်အလှန် ညှိနှိုင်းဆောင်ရွက်ကြရေးတို့ကိုမှာကြားကာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း စီမံဆောင်ရွက်ပေးသည်။

မိုးစပါး

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျော့ဇီလျှပ်စစ်မြစ်ရေတင်ပင်မမြောင်းကို ကြည့်ရှုစစ်ဆေးပြီး မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြကာ မြင်းခြံ–ညောင်ဦး လမ်းတစ်လျှောက် မိုးစပါးစိုက်ပျိုးထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြင်းခြံ – ညောင်ဦးကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး ညနေ ၅နာရီတွင် ပုဂံ–ညောင်ဦးမြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

၂၀၀၃–၂၀၀၄ ခုနှစ် ဘိန်းစိုက်ရာသီတွင် တရားမဝင်ဘိန်းစိုက်ပျိုးမှုလျှော့ချရေး အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၃

ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးအတွက် ၂၀၀၃–၂၀၀၄ခုနှစ် ဘိန်းစိုက်ရာသီတွင် တရားမဝင်ဘိန်းစိုက်ပျိုးမှု လျှော့ချရေး ဆိုင်ရာအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ စက်မှု(၁)လမ်းနှင့် ဆရာစံလမ်းထောင့်ရှိ ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ မူးယစ်ဗဟို အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ မူးယစ်ဗဟိုအဖွဲ့အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ သက်ဆိုင်ရာပြည်နယ်၊တိုင်း ရဲတပ်ဖွဲ့မှူးများ၊ ခရိုင်ရဲတပ်ဖွဲ့မှူးများနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ၂၀၀၃ ခုနှစ် တရားမဝင်ဘိန်းစိုက်ပျိုးမှု မြေပြင်စာရင်းကောက်ယူရေး လုပ်ငန်းဆောင်ရွက်ခဲ့သည့် ဒေသများမှ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်နှင့် မူးယစ်ဗဟိုရုံးမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က ဘိန်းစိုက်ပျိုးမှုလျှော့ချရေးအတွက် ခရိုင်နှင့်မြို့နယ်များ ကွင်းဆင်းဆောင်ရွက်ရန် နည်းလမ်းများကို အသေးစိတ်ညွှန်ကြားပြီး မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ဘိန်းစိုက်ပျိုးမှု လျှော့ချရေးအတွက် အဆင့်ဆင့် ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းမှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ရဲမှူးကြီးခမ်းအောင်က ၂၀၀၃ ခုနှစ် တရားမဝင် ဘိန်းစိုက်ပျိုးမှု မြေပြင်စာရင်းကောက်ယူရရှိမှု အခြေအနေကို သုံးသပ်ရှင်းလင်း တင်ပြရာတွင် ၂၀၀၂–၂၀၀၃ ဘိန်းစိုက်ရာသီ၌ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC) နှင့် မူးယစ်ဗဟိုအဖွဲ့တို့ ပူးပေါင်း၍မြေပြင်စာရင်းကောက်ယူရာတွင် မြန်မာနိုင်ငံ၌ ဘိန်းစိုက်ပျိုးမှု ခန့်မှန်းဟက်တာ ၆၂၂၀၀ (ဧက၁၅၃၆၀၀)ရှိပြီး ခန့်မှန်းဘိန်းတန် ၈၁၀ထွက်ရှိနိုင်ကြောင်းဖြင့် ကြေညာခဲ့ရာ ယခင်နှစ်ခန့်မှန်းသည်ထက် ၂၄ ရာခိုင်နှုန်း လျော့နည်းကြောင်းကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်၊ တိုင်း ရဲတပ်ဖွဲ့မှူးများက ၂၀၀၃ ခုနှစ် ပြည်နယ်၊ တိုင်းအလိုက်ဘိန်းစိုက်ပျိုးမှုအခြေအနေနှင့် ၂၀၀၃–၂၀၀၄ ခုနှစ် ဘိန်းစိုက်ရာသီတွင် တရားမဝင် ဘိန်းစိုက်ပျိုးမှု လျှော့ချရေး ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ အစည်းအဝေး တက်ရောက်လာသူများက လိုအပ်သည်များဖြည့်စွက် အကြံပြုဆွေးနွေးကြသည်။ ယင်းနောက် မူးယစ်ဗဟိုအဖွဲ့ ဥက္ကဋ္ဌပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က လာမည့် ဘိန်းစိုက်ရာသီတွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ၅၀ရာခိုင်နှုန်း ထပ်မံလျှော့ချရန်နှင့် ၁၅နှစ် စီမံကိန်း ပထမအဆင့်တွင် ပါဝင်သော ၂၂မြို့နယ်၌ ဘိန်းလုံးဝစိုက်ပျိုးမှု မရှိစေရေး စီမံဆောင်ရွက်ကြရန် မှာကြားပြီး အစည်းအဝေးကို ညနေ ၄နာရီတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပေါက်ခေါင်း အထက ရွှေရတုနှင့် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် စက်တင်ဘာ ၃

ပေါက်ခေါင်း အထက၏ နှစ်ငါးဆယ်ပြည့် ရွှေရတုအထိမ်းအမှတ်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆ၄မအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၂ရက် (သောကြာနေ့)တွင် ပေါက်ခေါင်းအထက၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရန်စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ရပ်ဝေးရပ်နီးနေ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူဟောင်းများသည် ရန်ကုန် ဦးချစ်ဦးမောင် P/6 ရွှေဇလပ်လမ်း ရွှေစပယ်ရိပ်မွန် ဘုရင့်နောင်လမ်းမကြီး ကမာရွတ်မြို့နယ် ဖုန်း–၅၁၅၃၀၃–လိုင်းခွဲ ၂၀၄၊ ဒေါ်သင်းသင်းအေး(ဒု–ခရိုင်ဥပဒေအရာရှိ) ရန်ကုန်အရှေ့ပိုင်းခရိုင် ဥပဒေရုံး၊ ပြည်–ဦးခင်ဇော် ဖုန်း–၀၅၃–၂၂၂၀၄၊ ဦးကျော်ဆွေ–လောကပါလ အထူးကုဆေးခန်း၊ ဦးမြင့်ဦး–ရင်ခွင်ဦး တေးဂီတ မြို့သစ် ပေါက်ခေါင်း–ဦးသောင်းတင် ရွှေပလောင်ရောင်းဝယ်ရေး ဖုန်း–၀၅၃–၂၄၇၇၈၊ ကိုမော်စီ ဖုန်း–၀၅၃–၂၅၄၀၂ တို့သို့ ဆက်သွယ်လှူဒါန်းကြရန် နိုးဆော်ထားသည်။ (က–ပ)

စီးပွားကူးသန်း ရှေ့သို့လှမ်း

သံလွင်တံတား (မော်လမြိုင်)

သံလွင်၊ ဂျိုင်းနှင့် အတ္တရံမြစ်တို့ ပေါင်းဆုံရာဒေသတွင် တည်ဆောက်လျက်ရှိသော သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ပြီးစီးမှု အခြေအနေကို မော်လမြိုင်ဘက်ကမ်းမှ တွေ့ရစဉ်။ (ဓာတ်ပုံမှတ်တမ်း-ခရမ်းစိုးမြင့်)

❒ **သံလွင်တံတားမှ** သံလွင်မြစ်ကြီး ခြားနေသဖြင့် သွားရေးလာရေး ခက်ခဲလျက်ရှိသည်။ တစ်နည်းအားဖြင့်ပြောရလျှင် ရေလမ်းခရီး ကြောက်တတ်သူတို့အတွက် အမြင်က နီးသော်လည်း ခရီးက ဝေးဘိဆိုသကဲ့သို့ ဖြစ်နေ၏။

အမှန်တကယ်လည်း မြစ်သုံးဆိုင်ပေါင်းဆုံနေသည့် ဤခရီးလမ်းသည် ရေစီးက ကြမ်းလျက်ရှိသည်။ ရေပြင်ကိုကြည့်လိုက်လျှင် တဝေါဝေါမြည်လျက် ဝဲဂယက်ကြီးများ ဖြစ်နေသည်ကို တွေ့ရသလို ရေစီးကလည်း တစ်နာရီ ၁၁ဒသမ ၄မိုင်နှုန်းအထိ စီးဆင်းနေသော မြစ်ဆုံနေရာကြီးလည်း ဖြစ်ပေသည်။ ထို့ကြောင့် တချို့က တံတားထိုးရန် မဖြစ်နိုင်ဟု ဆိုကြပြီး သံလွင်တံတား(မော်လမြိုင်)ကို အိပ်မက်တံတားပါဟု ပြောကြသည်။ ယခုအခါ ထိုအိပ်မက်တံတားဟုထင်သော သံလွင်တံတား(မော်လမြိုင်)ကို နိုင်ငံတော်က တကယ် အကောင်အထည်ဖော် တည်ဆောက်လိုက်သောအခါ ရွှေမြို့င်သူ၊ ရွှေမြို့င်သားတို့သည် အပြုံးမျက်နှာများဖြင့်နေ့စဉ်သံလွင်တံတား(မော်လမြိုင်) တည်ဆောက်လျက်ရှိရာ စီမံကိန်းနေရာသို့ ညနေတိုင်းလာ၍ အားပေးလျက်ရှိကြသည်။

ဖြန့်ကြက်တည်ဆောက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်နှင့် နိုင်ငံသား တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ မြင့်မားတိုးတက်ရေးအတွက် အထူးလိုအပ်နေသည့် လမ်းမကြီးများ၊ မြစ်ကူးတံတားကြီးများ၊ ဆည်မြောင်းတာတမံများ၊ တက္ကသိုလ်နှင့် ကောလိပ်များ၊ အထူးကုဆေးရုံကြီးများ စသည့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံ အဆောက်အအုံများကို တစ်နိုင်ငံလုံး ဖြန့်ကြက် တည်ဆောက်ပေးခဲ့ရာ ယနေ့ဆိုလျှင် ဧရာဝတီမြစ်ကူးတံတားကြီးခုနစ်စင်း၊ ချင်းတွင်းမြစ်ကူးတံတားနှစ်စင်း၊ သံလွင်မြစ်ကူးတံတားသုံးစင်း အပါအဝင် ပေ ၁၈၀ အထက် မြစ်ကူးချောင်းကူး တံတားပေါင်း ၁၅၈စင်း အသစ်တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး တည်ဆောက်ဆဲတံတား ၃၅စင်းနှင့် တည်ဆောက်ရန် စီစဉ်နေသည့် တံတားပေါင်း ၂၃စင်း ရှိနေသည်။ လက်ရှိတွင် မြန်မာနိုင်ငံ၌ အရှည်ဆုံးတံတားကြီး ဖြစ်လာမည့် သံလွင်တံတား(မော်လမြိုင်)ကို တည်ဆောက်လျက်ရှိရာ စီမံကိန်းဒေသဖြစ်သည့် မော်လမြိုင်နှင့် မုတ္တမသို့ ကြေးမုံသတင်းအဖွဲ့ ကွင်းဆင်း သွားရောက်လေ့လာခဲ့ကြသည်။

ကြေးမုံသတင်းအဖွဲ့ လွန်ခဲ့သော ဩဂုတ် ၂၃ရက်ကတည်းက ရေးချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့သွားစဉ် မုတ္တမမှ မော်လမြိုင်သို့ ဇက်ရေယာဉ်ဖြင့် ဖြတ်ကူးခဲ့ကြသည်။ ထိုသို့ ဖြတ်ကူးရာ မုတ္တမနှင့် မော်လမြိုင် ရေလက်ကြားမြစ်သုံးဆိုင်၌ တည်ဆောက်လျက်ရှိသည့် သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေး လုပ်ငန်းခွင်ကို ရေလယ်မှ လှမ်းမြင်နေရသည်။ ထိုစဉ်ကတည်းက အပြန်တွင် ဝင်ဦးမည်ဟု စိတ်ကူးထား၏။ ရေးသို့သွားရန် မော်လမြိုင်ဘူတာသို့ ရောက်ရှိခဲ့စဉ်က ဘူတာရှိ တယ်လီဖုန်းဖြင့် သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်းမှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမျိုးချစ်ထံ ခွင့်တောင်းခဲ့သည်။ မုတ္တမဘက်ကမ်း၌ တံတားတည်ဆောက်ရေး တာဝန်ယူနေသည့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအုန်းဟန်ကိုလည်း တစ်ဆင့်သတင်းပို့ပြောကြားပေးရန်ကိုလည်း တစ်ဆက်တည်း မေတ္တာရပ်ခံခဲ့သည်။

သို့ဖြစ်၍ ဩဂုတ် ၂၆ရက် ညနေတွင် ရေးချောင်းတံတား စီမံကိန်းမှ ပြန်ရောက်ရောက်ချင်း ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမျိုးချစ်နှင့် ဆက်သွယ်၍ ကြေးမုံသတင်းအဖွဲ့ မော်လမြိုင်ရထားဘူတာနားက ညှော်ဆောင်တစ်ခုတွင် ရောက်နေကြောင်းပြောပြီး လာရောက်ကြိုပေးပါရန် မေတ္တာရပ်ခံခဲ့ရာ တံတားစီမံကိန်းမှ အင်ဂျင်နီယာတစ်ဦးက ကားကလေးဖြင့် လာရောက်ခေါ်ဆောင်သည်။

တည်ဆောက်မှုတိုးတက်

သို့ဖြစ်၍ ကြေးမုံသတင်းအဖွဲ့သည် သံလွင်တံတား(မော်လမြိုင်) စီမံကိန်းသို့ ဒုတိယအကြိမ်မြောက် ရောက်ရှိခဲ့ခြင်း ဖြစ်ပါတော့သည်။ ၂၀၀၂ခုနှစ် အောက်တိုဘာလအတွင်း ပထမအခေါက် ရောက်စဉ်နှင့် ၁၀လခန့်ခြားပြီး ယခုတစ်ခေါက် ရောက်ခဲ့ရာတွင် သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေးသည် အကွာကြီးကွာခြားပြီး တိုးတက်လျက်ရှိနေသည်။ ပထမအခေါက်ရောက်ခဲ့စဉ်က ချဉ်းကပ်တံတားနှင့် ရေလယ်တိုင်များ တည်ဆောက်ခြင်းလုပ်ငန်းသာ ဆောင်ရွက်နေရာမှ ယခုအခါ ချဉ်းကပ်တံတားကြီးအား ကြမ်းခင်းကွန်ကရစ်များခင်းပြီးဖြစ်သလို ကားလမ်းနှစ်လမ်းနှင့် ရထားလမ်းတစ်လမ်းပါ ပင်မတံတားကြီးအား သံပေါင်ကြီးများ တပ်ဆင်သည့်လုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာတံတားသံပေါင်ကြီးများ ရေလယ်သို့ ထိုးထွက်နေသည်ကို တွေ့ရသည်။ မိမိတို့ ကြေးမုံသတင်းအဖွဲ့သည် နောက်တစ်နေ့၌ သံလွင်တံတား(မော်လမြိုင်)စီမံကိန်း မော်လမြိုင်ဘက်ကမ်းမှ ဒုတိယအင်ဂျင်နီယာမှူးကြီးအား စီမံကိန်းရုံး၌ သွားရောက်တွေ့ဆုံပြီးနောက် သတင်းဆောင်းပါးအတွက် ဓာတ်ပုံများ ရိုက်ကူးနိုင်ရန် တံတားစီမံကိန်း မော်လမြိုင်ဘက်ကမ်းမှ လက်ထောက်အင်ဂျင်နီယာ ဦးမောင်မောင်မြင့်နှင့်အတူ မြေပေါ်တံတား တည်ဆောက်ရေးလုပ်ငန်းများကို အပေါ်စီး မြင်ကွင်းကျယ်အားကရိန်းဖြင့် ဓာတ်ပုံများရိုက်ကူးကြပြီး မြစ်အတွင်းမှ လုပ်ငန်းခွင်များကို မော်တော်ဘုတ်တစ်စင်းဖြင့် လှည့်လည်ကြည့်ရှု၍ ဓာတ်ပုံများ ရိုက်ကူးကြသည်။

ပန္နက်တင်ခဲ့

သံလွင်တံတား (မော်လမြိုင်)ကို ၁၉၉၈ခုနှစ် အောက်တိုဘာ ၂၆ရက်တွင် ကျင်းပသော အထူးစီမံကိန်းများ အကောင်အထည် ဖော်ရေးအဖွဲ့ အစည်းအဝေးအမှတ်(၁/၉၈) အရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်မှုအရ တံတားတိုင်အုတ်မြစ်များအတွက် မြေစမ်းသပ်ခြင်း၊ မြေတိုင်းတာခြင်း၊ တံတားအူကြောင်း ရွေးချယ်ခြင်း၊ တံတားပုံစံထုတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ၂၀၀၀ပြည့်နှစ် မတ်လ ၁၈ရက်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက မော်လမြိုင်ဘက်ကမ်း တိုင်အမှတ်(M-3)တွင် ပန္နက်တော်တင်ပြီး အုတ်မြစ်တိုင်လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သည်။

တံတားကြီး၏ စီမံကိန်းဆိုင်ရာ အချက်အလက်များအနေဖြင့် တည်နေရာမှာ ရန်ကုန်-မော်လမြိုင်-မြိတ်-ကော့သောင်းသို့ ဆက်သွယ်သော ကားလမ်းနှင့် ရထားလမ်းဖြစ်လာမည့် သံလွင်မြစ်၊ ဂျိုင်းမြစ်၊ အတ္တရံတို့ဆုံရာ သံလွင်မြစ်အတွင်း ခေါင်းဆေးကျွန်းအနီးမှဖြတ်ကျော်၍ မော်လမြိုင်နှင့် မုတ္တမကိုဆက်သွယ်ပေးသော တံတားဖြစ်သည်။ ပင်မတံတားမှာ အလျား ၇၆၉၉ ပေရှိပြီး ချဉ်းကပ်တံတား (ကားလမ်း) မော်လမြိုင်ဘက်ကမ်း ၁၆၂၄ပေနှင့် မုတ္တမဘက်ကမ်းတွင် ၂၂၅၂ပေရှိပြီး စုစုပေါင်းအရှည်မှာ ၁၁၅၇၅ပေ၊ မိုင်အားဖြင့် နှစ်မိုင် ၁၁ဒသမ ၅ဖာလုံရှိရာ လက်ရှိ မြန်မာနိုင်ငံတွင် တည်ဆောက်ပြီးနှင့် တည်ဆောက်ဆဲ တံတားများထဲတွင် အရှည်ဆုံး ကားလမ်းနှစ်လမ်းနှင့် ရထားလမ်းတစ်လမ်းပါသော တံတားကြီး ဖြစ်သည်။

အပြီးတည်ဆောက်မည်

ကြေးမုံသတင်းအဖွဲ့သည် တံတားကြီး တည်ဆောက်ရေးအား မော်လမြိုင်ဘက်ကမ်း၌ တာဝန်ယူဆောင်ရွက်နေသော ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမျိုးချစ်ကို တွေ့ဆုံမေးမြန်းခဲ့ရာ ဦးမျိုးချစ်က "ဤသံလွင်တံတား(မော်လမြိုင်)ကို တည်ဆောက်ခဲ့ရာ သုံးနှစ်နှင့် ငါးလရှိသွားပြီ ဖြစ်ကြောင်း၊ မူလသတ်မှတ်ထားသည့် ၂၀၀၄ခုနှစ်အတွင်း အပြီး တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ယခုလက်ရှိ ဆောင်ရွက်ပြီးစီးမှုမှာ မော်လမြိုင်ဘက်ကမ်း၏ ချဉ်းကပ်ကားသွားတံတားမှာ ၉၀ရာခိုင်နှုန်းခန့်ပြီးနေပြီဖြစ်ကြောင်း၊ ရေလယ်တိုင် တည်ဆောက်ရေးအပိုင်းတွင် မိမိတာဝန်ယူရသည့် တိုင် ၁၁လုံးရှိသည့်အနက် ၁၀လုံးမှာ အုတ်မြစ်များ လုံးလုံးလျားလျား ပြီးသွားပြီး ကျန်တစ်လုံးမှာလည်း မကြာမီ ပြီးစီးတော့မည်ဖြစ်ကြောင်း။

ပင်မတံတား သံပေါင်များ တပ်ဆင်ခြင်းလုပ်ငန်းကိုလည်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာအဖွဲ့နှင့် ကျွမ်းကျင်လုပ်သားကြီးများက တပ်ဆင်လျက် ရှိနေကြောင်း၊ ဤတံတားကြီးသည် မြန်မာပြည်တွင် တည်ဆောက်ပြီးနှင့် တည်ဆောက်ဆဲတံတားများအနက် အရှည်ဆုံးနှင့် အကြီးဆုံးဖြစ်ပြီး တည်ဆောက်ရာ၌လည်း အခက်ခဲဆုံးဖြစ်သည်ဟု ပြောရမှာဖြစ်ကြောင်း၊ အဘယ့်ကြောင့်မှု

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✡

သံလွင်တံတား (မော်လမြိုင်)၏ နောက်ဆုံးတည်ဆောက်ရန် ကျန်ရှိနေသည့် ရေလယ်တိုင်ကြီးကို စီမံကိန်းအင်ဂျင်နီယာများ၏ ကြီးကြပ်မှုဖြင့် ပန်းရန်လုပ်သားကြီးများက ကွန်ကရစ်များ လောင်းနေသည်ကို မြစ်လယ်တွင် ဤသို့ တွေ့ခဲ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-ခရမ်းစိုးမြင့်)



သံလွင်တံတား (မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင် မော်လမြိုင်ဘက်ကမ်း၌ ပင်မတံတား သံပေါင်ကြီးများ တပ်ဆင်နေသည်ကို မြစ်လယ်မှ ဤသို့ တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-ခရမ်းစိုးမြင့်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၄-၉-၂၀၀၃ (ကြာသပတေးနေ့)

နံနက်ပိုင်း:

- ၇:၀၀ ၁။ **ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကရေ မွေ့ဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၁၀ ၇။ အကပဒေသာ
- ၈:၂၀ ၈။ ကျင်းသာရေလှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း:

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English For Everyday Use
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)
- ၅:၁၅ ၆။ **နွေးထွေးသောရင်ခွင်(အပိုင်း-၁) (ဖြိုးငွေစိုး၊ အောင်ခိုင်၊ မြတ်ကေသီအောင်၊ ဆုပန်ထွာ၊ လှမျိုးသဉ္ဇာနွယ်၊ ပွင့်နဒီမောင်) (ဒါရိုက်တာ-တင်သန်းဦး) (ရှမ်းဘာသာစကားဖြင့်)**
- ၅:၃၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၄၅ ၈။ တေးဂီတအစီအစဉ်
- ၅:၅၅ ၉။ ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် ဓမ္မပူဇာတေး (အခြေခံပညာ ၅-၁၀)နှစ် (အမျိုးသား)
- ၆:၁၀ ၁၀။ **ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ (လွင်မိုး၊ မင်းမော်ကွန်း၊ ဇာနည်၊ ကင်းကောင်၊ စိုးမြတ်နန္ဒာ၊ လှအဥ္ဇလီတင့်၊ ကြည်လဲ့လဲ့ဦး၊ ဝွမ်းပုံ)**
- ၆:၁၅ ၁၁။ မူဟန်သွယ်သွယ်ဆိုကြမယ်
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ Milo Success in Soccer.
- ၇:၁၀ ၁၅။ မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ ကျောက်ဆည်(အင်းကုန်း)
- ၇:၂၀ ၁၆။ တေးဂီတအစီအစဉ်
- ၇:၃၅ ၁၇။ နိုင်ငံ့ဖွံ့ဖြိုးပြည့်အကျိုး
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **ဒသမအကြိမ်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ (ရုပ်သေးပြိုင်ပွဲ) သုဝဏ္ဏသာမဇာတ်တော်ကြီး (ဒုတိယဆု)(မန္တလေးတိုင်း)**
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

✡ စာမျက်နှာ ၉ မှ

သံလွင်မြစ်ကြီးကို ဤနေရာမှာ အခြားမြစ်များက လာရောက်ပေါင်းဆုံပြီး ရေစီးကလည်း အလွန်ကြမ်းနေကြောင်း၊ နောက်တစ်ကြောင်းက ရေလယ်တိုင်များတူးရာတွင် ရေစီးကြမ်းကြမ်းထဲတွင် တူးရသကဲ့သို့ ကျောက်ဆောင်များပေါ်တွင် တူးရ၍ ခက်ခဲပါကြောင်း၊ ထို့အပြင် ဤနေရာသည် ပင်လယ်နှင့်နီး၍ ရေအတက်အကျ အနိမ့်အမြင့်မှာ ၁၇ပေခန့်ရှိကြောင်း၊ ထို့ကြောင့် လုပ်ငန်းခွင်တွင် လိုအပ်လျှင် နေ့ညခွဲ၍မရဘဲ ဆောင်ရွက်ခဲ့ရခြင်းရှိကြောင်း။

"တံတားကြီး တည်ဆောက်စက အုတ်မြစ်တွေ လုပ်နေသော်လည်း ဒေသတွင်းမှ တချို့က ဤတံတားကြီးက အိပ်မက်တံတားကြီးပါ၊ တော်တော်ကြာ အိပ်ရာကနိုးတော့လည်း ဘာမှမဟုတ်ပါဘူးဆိုပြီး ယုံကြည်မှု သိပ်မရှိတာကို ကြားသိနေရကြောင်း၊ နောက်တော့ ကျွန်တော်တို့လုပ်ငန်းတွေက ရေလယ်မှာရော၊ ကုန်းပေါ်မှာပါ အောင်မြင်နေသော တည်ဆောက်ရေးအပိုင်းတွေ တွေ့လာပြီး ယခုလိုသံပေါင်ကြီးတွေ တပ်ဆင်နေတာတွေ့ကြတော့မှ ယုံကြည်မှုရှိလာတာကို တွေ့ရကြောင်း၊ ယခုတော့ အိပ်မက်တံတားကြီး အကောင်အထည်ပေါ်လာပြီလို့ ဆိုနေကြကြောင်း၊ တည်ဆောက်ပေးမှုအတွက် နိုင်ငံတော်ကို ကျေးဇူးတင်နေကြသည်ဟု ကြားသိနေရကြောင်း" ကြေးမုံသို့ ရှင်းပြသည်။

ကြေးမုံသတင်းအဖွဲ့သည် ထိုနေ့က သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေးလုပ်ငန်းခွင် မော်လမြိုင်ဘက်ကမ်း၏ မြေပေါ်နှင့် ရေပေါ်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပင်မတံတားကြီး၌ သံပေါင်များ တပ်ဆင်နေမှုတို့ကို အဝေး၊ အနီးမှ၊ အပေါ်စီးမှ ရေလယ်မှ သတင်းဆောင်းပါးအတွက် ဓာတ်ပုံများ ရိုက်ကူးပြီးနောက် မိမိတို့စီးလာသော မော်တော်ဘုတ်ကို သံလွင်တံတား(မော်လမြိုင်)၏ မုတ္တမဘက်ကမ်းရှိ စီမံကိန်းဒေသ နောက်တစ်ခုသို့ ဦးတည် ခုတ်မောင်းစေလိုက်ပါတော့သည်။ သံလွင်ကတော့ ဝဲဂယက်တို့ဖြင့် တသွင်သွင်စီးမြဲစီးလျက်ပင်။ ။

(ကြေးမုံ)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

နိကာယ်စာပေချော်ကျက်မေးပွဲ

ရန်ကုန် စက်တင်ဘာ ၃

အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ (D.Litt)(Ph.D) ဒေါက်တာဘွဲ့ရ ဆရာတော်ကြီးများ ဦးစီးစီမံဆောင်ရွက်တော်မူလျက်ရှိသော နိကာယ်သာသနာတော်ထွန်းကားရေးအသင်းကြီး၏ (၂၉)ကြိမ်မြောက် ပရိယတ္တိသာသနာတော်တွင် အမြင့်ဆုံး၊ အခက်ခဲဆုံး တိပိဋက စာမေးပွဲကြီးကို အထောက်အကူပြုမည့် နိကာယ်စာချော်ကျက်မေးပွဲကို နိုဝင်ဘာ ၁၈ရက်ကစ၍ ခြောက်ရက်တိုင်တိုင်ကျင်းပမည်ဖြစ်သည်။

ဖြေဆိုကြမည့်ပုဂ္ဂိုလ်များ ပဋ္ဌာန်ကာယသာသနာ့ဗိမာန် ကံဘဲ့ဘုတာရုံလမ်း၊ ရန်ကင်းမြို့နယ်တွင် ဝင်ခွင့်ပုံစံများ တောင်းယူ၍ အသင်းတိုက်တွင် အောက်တိုဘာ ၁၀ရက် နောက်ဆုံးထား ပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

စက်တင်ဘာ ၃ရက်က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်မြို့တော် ကန်တော်ကြီး ဥယျာဉ်ပတ်ဝန်းကျင်နှင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ဘက်စုံအဆင့်မြင့် တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (ကြေးမုံ)

အားကစားဝန်ကြီးဌာနဝန်ကြီးဖလား အဆင့်မြင့်တန်းကွင်းဖွင့်ဘောလုံးပွဲ စွမ်းအင်ကပို့ဆောင်ရေး(က)ကိုနိုင်

သတင်းဆောင်းပါး - ညီညီစိုးညွန့်၊ ဓာတ်ပုံစိုးညွန့် - ကြေးမုံ

ရန်ကုန် စက်တင်ဘာ ၃

၂၀၀၃-၂၀၀၄ ဘောလုံးရာသီ အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား အဆင့်မြင့်တန်းကွင်းဖွင့်ဘောလုံးပြိုင်ပွဲအဖြစ် (ခ)အုပ်စုမှ ပို့ဆောင်ရေး(က) အသင်းနှင့် စွမ်းအင်အသင်းတို့သည် ယနေ့ညနေ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ စွမ်းအင်အသင်းက တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိသွားသည်။

စွမ်းအင်အသင်း	**တစ်ဂိုး။**
(နိုင်ဝင်း)	
ပို့ဆောင်ရေး(က)အသင်း	**ဂိုးမရှိ။**
အကောင်းဆုံးဆု	**ကျော်မင်းလှိုင် (ဂိုး)(စွမ်းအင်)**
ဒိုင်လူကြီး	**ဦးထွန်းဝေ။**

နှစ်သင်းစလုံး ပွဲဦးထွက်ပွဲများတွင် အမှတ်ပြည့်မရခဲ့သောကြောင့် ယနေ့ပွဲမှာ နိုင်ပွဲနှင့်အတူ အဖိုးတန်သုံးမှတ်ရရှိရေးအတွက် လူစုံတက်စုံပွဲထုတ်ကာ တက်ကုန်ရွက်စုံဖွင့်ကစားခဲ့ကြရာ စွမ်းအင်အသင်းက ပထမပိုင်း၌သွင်းသော ဂိုးဖြင့်အနိုင်ရရှိသွားသည်။ ယင်းနှစ်သင်း၏ယမန်နှစ်က တွေ့ဆုံမှုအနေအထားအရ ကွင်းဖွင့်ဖလား ပြိုင်ပွဲတွင် စွမ်းအင်ကအနိုင်ရပြီး အမှတ်ပေးပြိုင်ပွဲတွင် ပို့ဆောင်ရေးက အနိုင်ရခဲ့သည်။

တိုက်စစ်ဖွင့်ကစား

ပွဲစသည်ဆိုသည်နှင့် နှစ်သင်းစလုံး တိုက်စစ်ကို ဖွင့်ကစားကြသည်။ ပွဲအစပိုင်းမှာ စွမ်းအင်က အချိတ်အဆက်မိမိဖြင့် ထိုးဖောက်ကစားနိုင်ရာ ၁၃မိနစ်တွင် ပြစ်ဒဏ်ဘောမှတစ်ဆင့် လျှံထွက်လာသော ဘောလုံးကို နိုင်ဝင်းက ခေါင်းတိုက်သွင်းယူလိုက်၍ စွမ်းအင်အသင်း အနိုင်ဂိုးကို စောစီးစွာရရှိသွားသည်။ ထို့နောက်ပိုင်းတွင် ပို့ဆောင်ရေးအသင်းက ချေပဂိုးရရှိရန် တရစပ်တိုက်စစ်ဆင်လာသော်လည်း ဂိုးရရှိအောင်ဖန်တီးပေးမှု၌ အားနည်းနေ၍ ချေပဂိုး မရဘဲဖြစ်နေသည်။ ၂၇မိနစ်၌ ဇာနည်မောင်၊ ၃၈မိနစ်၌ ညီညီအောင်တို့ဂိုးရနိုင်သည့် အခွင့်အလမ်းများရရှိသော်လည်း ပိုင်ပိုင်နိုင်နိုင်အသုံးမချနိုင်၍ ပို့ဆောင်ရေး ချေပဂိုးနှင့်ဝေးကာ ပထမပိုင်းအပြီးမှာပင် စွမ်းအင်တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။

ဒုတိယပိုင်း၌ ချေပဂိုးရရှိရေးအတွက် ပို့ဆောင်ရေးမှနေရာစုံထောင့်စုံက ထိုးဖောက်ကစားကြသော်လည်း စွမ်းအင်က ခံစစ်ကို အထူးလုံအောင် ကာကွယ်နေ၍ ပို့ဆောင်ရေးတိုက်စစ် အချည်းနှီးဖြစ်နေသည်။ စွမ်းအင်အသင်းက တန်ပြန်တိုက်စစ်ကို ဦးစားပေးကစားရာ တိုက်စစ်မှူးများ ကစားအားရှိကြသော်လည်း ဘောလုံးပညာပြည့်ဝမှု အနည်းငယ်အားနည်းနေ၍ ဂိုးထပ်မံရရှိအောင် မစွမ်းနိုင်ခဲ့ချေ။ ပို့ဆောင်ရေး၏ တိုက်စစ်ဆင်မှုများမှာ ဖန်တီးပေးမှု အားနည်းခြင်း၊ နေရာမယူတတ်ခြင်း၊ ဂိုးရအောင်မဖန်တီးတတ်ခြင်း၊ စွမ်းအင်ဂိုးသမား ကျော်မင်းလှိုင် ကောင်းခြင်းတို့ကြောင့် ပွဲအပြီးအထိ အရှုံးဂိုးမချေပနိုင်သဖြင့် စွမ်းအင် သုံးမှတ်အပြည့် ရသွားခြင်းဖြစ်သည်။

ယနေ့ပွဲများအပြီးတွင် (ခ)အုပ်စု၌ ဆောက်လုပ်ရေးက တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်၊ တံခွန်အသင်းနှင့် စွမ်းအင်အသင်းတို့က တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်၊ ပို့ဆောင်ရေးအသင်းက တစ်ပွဲသရေ၊ တစ်ပွဲရှုံး တစ်မှတ် ရရှိထားသည်။ အုပ်စုတက်ရေးအဆုံးအဖြတ်ပွဲအဖြစ် ဆောက်လုပ်ရေးနှင့် စွမ်းအင်၊ တံခွန်နှင့်ပို့ဆောင်ရေးတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ လက်ရှိအနေအထားအရ အုပ်စုကျွတ်မည့်နှစ်သင်းကို တိကျစွာ မပြောနိုင်သေးပေ။

တွေ့ဆုံမေးမြန်း

ပွဲအပြီးတွင် ကြေးမုံက ယနေ့ပွဲနှင့်ပတ်သက်၍ နှစ်ဖက်အသင်းအား မေးမြန်းခဲ့ရာ ရှေးဦးစွာ စွမ်းအင်နည်းပြ ဦးမျိုးဝင်းက "ယနေ့ပွဲအနိုင်ရခြင်းသည် ကလေးများ၏ ကြိုးစားမှုကြောင့်ဖြစ်ကြောင်း၊ ပို့ဆောင်ရေးအသင်းသည်လည်း အသင်းကောင်း တစ်သင်းဖြစ်ကြောင်း၊ ကံခေ၍ အရေးနိမ့်ခဲ့ကြောင်း၊ အုပ်စုတက်ရန်အတွက် ဆောက်လုပ်ရေးကိုအနိုင်ရအောင် ကြိုးစားသွားမှာဖြစ်ကြောင်း" ပြောကြားသွားသည်။

ပို့ဆောင်ရေးအသင်းနည်းပြ ဦးခင်မောင်တင့်ကလည်း "ကလေးများကြိုးစားကစားခဲ့ကြသော်လည်း မမျှော်လင့်တဲ့ဂိုးကြောင့် အရေးနိမ့်သွားခဲ့ကြောင်း၊ မိမိတို့အသင်းသည် အပေးအယူများလွန်းပြီး ဖန်တီးပေးမှု အားနည်းခြင်းကြောင့် ဂိုးပြန်မရကြောင်း၊ တစ်ဖက်အသင်းကလည်း ပိတ်ဆို့ကစားသွား၍ တိုက်စစ်ဆင်ရမှု ပိုခက်သွားကြောင်း၊ နောက်ပွဲကိုမူ အနိုင်ရအောင် ကြိုးစားသွားမှာဖြစ်ကြောင်း" ပြောကြားသွားသည်။

ယနေ့ပွဲ

ညနေ ၃နာရီခွဲ
(အောင်ဆန်းကွင်း)
(ဂ)အုပ်စု
လျှပ်စစ်စွမ်းအားနှင့်
ပြည်ထဲရေး။

(ကြေးမုံ)

ခုန်ပျံကာကွယ်

အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား အဆင့်မြင့်တန်းကွင်းဖွင့် ဘောလုံးပြိုင်ပွဲတွင် စွမ်းအင်အသင်း၏ တိုက်စစ်ကို ပို့ဆောင်ရေး ဂိုးသမား ဖြိုးမင်းမောင် လေထဲ၌ ခုန်ပျံဝဲ၍ ကာကွယ်စဉ်။

ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၃၇၇)ထုတ်ဝေဖြန့်ချိ

ပြည်တွင်းပြည်ပ သတင်းစုံလင်စွာဖြင့် ပြည် မြန်မာသတင်းဂျာနယ်အမှတ် (၃၇၇)**(အပေါ်ပုံ)**ကို သုတစွယ်စုံ စာအုပ်တိုက် အမှတ်(၉) ရေကျော်လမ်း ပုဇွန်တောင် ရန်ကုန်မြို့ ဖုန်း-၂၀၀၅၁၂နှင့်၂၀၂၀၈၉တို့က တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။ (က-ပ)

အင်္ဂလိပ်စာကျွမ်းကျင်မှု သင်တန်းများဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၃

ဆရာတိုနီ ဦးစီးသော OBF Language Center တွင် အင်္ဂလိပ်စာကို စနစ်တကျတတ်ကျွမ်းလိုသူများအတွက် နိုင်ငံတကာတက္ကသိုလ်ဝင်ခွင့် Exam များဖြစ်သော IELTS, TOEFL (Twe)နှင့် အင်္ဂလိပ်စကားပြော သင်တန်းများကို ဆရာတိုနီကိုယ်တိုင် သင်ကြားပေးလျက်ရှိသည်။ သင်တန်းတက်ရောက်လိုသူများသည် ဖုန်း-၂၈၆၀၁၇သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က-ပ)

➡ **အနုပညာမှ**

ပြပွဲတွင် ပန်းချီကားပေါင်း၃၇ကား တင်သွင်းထားပြီး ဆရာတင်မောင်ဦး၏ Mix Media ခေတ်သစ်ပန်းချီကား ကိုးကားမှလွဲပြီး အားလုံးဆီဆေးကားများဖြစ်သည်။

စက်တင်ဘာမိုး ပန်းချီပြပွဲ၏ ထူးခြားမှုမှာ သက်ဆိုင်ရာတာဝန်ရှိသူများ ပြပွဲကိုလာရောက်ဖွင့်လှစ်ပေးပြီး တစ်နာရီအကြာ ကြေးမုံသတင်းအဖွဲ့ ရောက်သွားသောအခါ ပြပွဲတွင် ပြသထားသည့် ပန်းချီ ၃၇ ကားထဲမှ ၁၀ကား ရောင်းချပြီးဖြစ်နေသည်ကို တွေ့ရသည်။ ထို့ပြင် ၁၅ကားကလည်း ရောင်းချခြင်းမပြုသောကားများဖြစ်နေသည်ကိုထူးထူးခြားခြား သတိထားမိသည်။

ဆရာကြီးမြင့်စော၏ ဈေးကားသုံးကားကို မိမိတို့အဖွဲ့ ကြည့်ရှုနေမိသည်။ အဘယ်ကြောင့်ဆိုသော် ဆရာကြီးမြင့်စော၏ ပန်းချီကားများနှင့် မိမိတို့အဖွဲ့သည် ယခုလပိုင်းအတွင်းမှာပင် သုံးကြိမ်သုံးခါဆုံခဲ့ကြသည်။ ဆရာ့ကားများသည် ပြပွဲတိုင်းတွင် ထူးခြားနေတတ်ကြသည်။ အရောင်အသွေး၊ အကြောင်းအရာ၊ စုတ်ချက်တို့သည် သမားရိုးကျမဟုတ်ဘဲ တစ်ခုမဟုတ်တစ်ခု ထူးခြားနေသည်။ ကံ့ကော်ရွာ ပန်းချီပြပွဲတွင် **ရန်ကုန်ည** ပန်းချီကားများနှင့် (၃၂) နှစ်မြောက် လောကနတ်ပန်းချီပြပွဲတွင် ရန်ကုန်ပလက်ဖောင်းပေါ်မှ ဈေးသည်ဘဝကို ဖော်ကျူးခဲ့သည်။ ယခု စက်တင်ဘာမိုး ပန်းချီပြပွဲတွင်လည်း **ဈေးနေ့၊ ဈေးသည်မိသားစု၊ မိုးရွာပြီးစ ဈေး** ပန်းချီကားသုံးကား တင်သွင်းပြသထားသည်။ ပန်းချီကားအားလုံးမှာ လမ်းဘေးဈေးသည်တို့၏ ဘဝဖြစ်သည်။ ဈေးသည်မိသားစုကားကို ဆရာသည် ဆေးများကို အတုံးလိုက်၊ အတစ်လိုက်တင်ကာ ဓားခြစ်နည်းဖြင့် ရေးဆွဲထားသည်။ အမေဖြစ်သူ ဈေးသည်နှင့် လူမမည်ကလေးနှစ်ယောက်ပုံဖြစ်သည်။ အမေနှင့် အကြီးဖြစ်သူ သမီးကလေး၏ ဈေးဝယ်မည့်သူအား မျှော်လင့်နေသည့် မျက်နှာနှင့် ဗန်းထဲမှတည်းသီးများသည် ဘဝရုန်းကန်မှုကို ပြသည်။ ဘဝကို အားမလျှော့သော၊ အရှုံးမပေးသော ကိုယ့်စွမ်းကိုယ့်အင် ပေါ်လွင်ပါသည်။ တညင်းသီးများ ထည့်ထားသည့် ဗန်းသည်ပင် အကောင်းမဟုတ်၊ ဟောင်းနွမ်းနေသော ဗန်းများကို ရေးပြထားသည်မှာ ဆရာ၏ စေ့စပ်မှုပင် ဖြစ်သည်။

ဈေးနေ့၊ မိုးရွာပြီးစဈေး ကားများ၏ ဖွဲ့စည်းပုံနှင့် အရောင်များများ သုံးထားပုံမှာ ပိုမိုထူးခြားသည်။ ရေးချက် ရေးဟန်များမှာ နိုင်နင်းပေါ်လွင်လှသည်။

ဆရာစတားမြသန်း၏ **ကြာပန်းများ၊ အကြော်ဆိုင်နှင့် သစ်ခွပန်း** ပန်းချီကား (၁၀) ကားကို ကြည့်နေစဉ်မှာပင် ဆရာငယ်စဉ်က ရေးဆွဲတင်သွင်းလေ့ရှိသော မင်းသမီးကားများကို ပြန်လည်မြင်ယောင်မိသည်။ ခေါင်း၊ ခါး၊ ခြေ၊ လက် အချက်ကျစွာရှိပြီး နွဲ့နှောင်း၊ ပျော့ပျောင်းနေသော ကခွင်ထဲမှ မင်းသမီးကလေးများမှာ ဆရာ၏ မရိုးနိုင်သော ရေးချက် ရေးလက်များ ဖြစ်သည်။ ယခုပြပွဲတွင်မူ အကမင်းသမီးပုံတစ်ကားမျှ မပါသည်ကတော့ ထူးခြားသည်ဟု ဆိုရမည်ဖြစ်သည်။ ဆရာ၏ **ကြာပန်းများ**ကားကို နှစ်သက်မိသည်။ ကြာပန်းများကားသည် ပဒုမ္မာကြာကန်ကြီးတစ်ခု၏ မြင်ကွင်းဖြစ်သည်။

ပန်းချီကားပေါ်တွင် ဆရာရေးထိုးထားသည့် လက်မှတ်ကို ကြည့်ခြင်းဖြင့် ဆရာသည်ဤကားကို ၁၉၉၃ခုနှစ်ကပင် ရေးဆွဲထားကြောင်း သိရသည်။ ကြာပွင့်များ၊ ကြာဖူးများ၊ ကြာရွက်များကို ဆေးသားထူထူ ဓားခြစ်နည်းဖြင့် ရေးဆွဲထားသည်မှာ ပညာသားပါလှသည်။ နေရောင်ကလေးများသည် ကြာရွက်များအပေါ်တွင်လည်းကောင်း၊ ကြာဖူးများအပေါ်တွင် လည်းကောင်း၊

ကြာပွင့်များပေါ်တွင် လည်းကောင်း ချစ်စဖွယ် ဖိတ်စဉ်ကျနေသည်။ ကြာကန်ထဲမှ ကြည်လင်သောရေနှင့် ကြာတော၏ အေးမြမှုသည် ကြည့်သူကို ကူးစက်သွားစေသည်။ အကြော်ဆိုင်မှာ ဝိုးတဝါးသာ မြင်ရသည့် မြင်ကွင်းကားဖြစ်သည်။ ဆရာသည် သစ်ခွပန်းကားများကို စိတ်အေးလက်အေးနှင့် ဆွဲထားပုံရသည်။ ထို့ကြောင့်သာ **သစ်ခွပန်း**ကား ၁၀ကားတိတိ တင်သွင်းထားသည်ကို တွေ့ရသည်။

၁၉၆၀ပြည့်နှစ်ကျော် ပန်းချီပြပွဲများ၌ ဝါရင့်ပန်းချီဆရာကြီးများ၏ကြားတွင်အတွေးရဲရဲ၊ အရေးရဲရဲ ပန်းချီကားများကို တင်သွင်းတတ်သူ လူငယ်ပန်းချီဆရာများထဲမှ ဆရာ မောင်မောင်လှမြင့်၊ ဆရာမောင်ငွေထွန်း၊ ဆရာပေါ်ဦးသက်တို့သည် ထင်ရှားသည်။ ဆရာမောင်ငွေထွန်း၊ ဆရာပေါ်ဦးသက်တို့မှာ ကွယ်လွန်ခဲ့ကြလေပြီ။ ယခုအခါသာ သက်ရှိထင်ရှားရှိနေကြလျှင် ထိပ်တန်း ပန်းချီဆရာကြီးများ စာရင်းဝင်ဖြစ်နေကြမည်ဖြစ်သည်။

မိမိတို့အဖွဲ့သည်ဆရာမောင်မောင်လှမြင့် ပန်းချီကားများနှင့် မကြုံခဲ့၊ မဆုံခဲ့ကြသည်မှာ ကြာပြီဖြစ်သည်။ ဆရာတင်သွင်းထားသော **ရှမ်းပြည်နယ်တောင်ပိုင်း၊ ရွှေဝါရောင်လွင်ပြင်**နှင့် **ဈေးနေ့**ကားများသည် ဆရာ့အနေဖြင့် ရှမ်းပြည်နယ်ကို ပြန်လည်တသ သတိရနေသော (သို့မဟုတ်) နိုးတစ်ဝက်ဖြင့် အိပ်မက် မက်နေသောကားများဖြစ်ပေမည်။ ဆရာ့ကားများကို ကြည့်ရသည်မှာ ငယ်စဉ်က ရောင်စုံပန်းချီစာအုပ်များတွင် တွေ့ဖူး၊ မြင်ဖူးခဲ့သည့် ဟော်လန်ပြည်သား ပန်းချီဆရာဗန်ဂိုး၏ ပန်းချီကားများကို အမှတ်ရစေပါသည်။

ဆရာ၏ **ရှမ်းပြည်နယ်တောင်ပိုင်း** ပန်းချီကားသည် နေခြည်ထဲမှ ရှမ်းကုန်းပြင်မြင့်၏ လွင်မြူးတောက်စားနေသော အရောင်စုံ၊ အသွေးစုံကို အကွက်လိုက်၊ အကွင်းလိုက် အပြန့်အပြောကျယ်ဝန်းသော မြင်ကွင်းအား ရှုမဆုံး၊ မျှော်မဆုံး ရေးဆွဲထားသည်။ သို့သော် အနီးရှိ အရိပ်ထဲမှ ကျွဲတစ်ကောင်နှင့် လယ်ထွန်နေသူ တစ်ယောက်ကြောင့် တောက်လောင်နေသည့် ကွင်းပြင်ကြီး၏အပူကို ပြန်လည်ငြိမ်သက်သွားစေသည်။

ရွှေဝါရောင်လွင်ပြင်မှာမူ အဝါရောင် ဂျုံခင်း (သို့မဟုတ်)စပါးခင်း၏ တင့်မောဖွယ်အလှကို လှစ်ပြလိုက်ခြင်းဖြစ်သည်။ ရွှေဝါရောင်လွင်ပြင်ကြီး၏ နောက်ဘက် ကောင်းကင်ယံမှ တလိပ်လိပ်တက်နေသည့် တိမ်တောင်တိမ်လိပ်တို့သည် ရွှေဝါရောင်လွင်ပြင်ကို အားဖြည့်ထားသလို ဖြစ်နေသည်။

ဆရာကိုဇော်ဝင်းကလည်း ပန်းချီကား ငါးကား တင်သွင်းထားသည်။ **မျှော်လင့်ခြင်း၊ အေးရိပ်၊ ရွာအဝင်၊ အစိမ်းရောင်ရပ်ဝန်း၊ ပန်းပွင့်ချိန်**တို့ဖြစ်သည်။

ဆရာကိုဇော်ဝင်း၏ **မျှော်လင့်ခြင်း**ကို မြင်ရသောအခါ မလှမပ ငယ်ဘဝကို အမှတ်ရစေသည်။ ကျေးလက်နေဆင်းရဲသားတို့၏ဘဝတစ်စိတ်တစ်ပိုင်းဖြစ်သည်။ သို့သော် ဆရာ ကိုဇော်ဝင်း၏ မျှော်လင့်ခြင်းသည် မြစ်ဝကျွန်းပေါ်ဒေသ မဟုတ်၊ အညာကျေးလက်ဒေသဖြစ်ပေမည်။ အနောက်ဘက်ကမ်းမှတောင်ကုန်း၊ တောင်တန်းများသည် မြစ်ဝကျွန်းပေါ်တွင် မတွေ့နိုင်ပေ။အညာကျေးလက်တွင်သာ တွေ့နိုင်ပေသည်။

မျှော်လင့်ခြင်းသည် မည်သည်ကို မျှော်လင့်နေသနည်း။ ငါးရမည်ကို မျှော်လင့်နေသလား။ ဆင်းရဲသည့်ဘဝမှ လွတ်မြောက်မှုကို မျှော်လင့်နေသလား။

ကောင်းကင်က ဝါသည်။ တောင်တန်းက ဝါသည်။ ရိုးပြတ်တောက ဝါသည်။ ချောင်းနံဘေး သစ်ရိပ်အောက်တွင် ငါးမျှားနေသည့် ကလေးနှစ်ယောက်။ ကလေးနှစ်ယောက်၏ နောက်မှ အရွက်မဲ့လက်ပံပင်ကြီးမှာ နီရဲနေသည့်လက်ပံပွင့်များနှင့် လေပြည်ထဲတွင် အလှဆင်နေသည်။ ပင်အိုကြီးဖြစ်သော်လည်း ဘဝကို အရှုံးမပေးဘဲ လောကကို တစ်ထောင့်တစ်နေရာမှ အလှဆင်ဆဲ။

ချောင်းရေသည် လှိုင်းလေမရှိသဖြင့် ကြည်စင်ငြိမ်သက်နေသည်။ ထို့ကြောင့် ကြည့်သူကို ရေကသိုဏ်းရှုနေရသကဲ့သို့ တည်ငြိမ်သွားစေသည်။ နွေအဝါဘွဲ့ဖြစ်သော်လည်း ချောင်းရေနှင့် ဝဲဘက်ထောင့်မှ အခက်အလက်စုံသည့် စိမ်းညို့ညို့ပင်ပျိုကြောင့် နွေအပူကို မခံစားရဘဲ အေးငြိမ်းသွားသည်။

အစိမ်းရောင်ရပ်ဝန်းသည် အင်းလေးဒေသဖြစ်ပေမည်။ လှေသည် အင်းလေးဒေသသုံး လှေဖြစ်သည်။ အစိမ်းရောင်ရပ်ဝန်းဆိုသည့် အမည်နှင့်လိုက်အောင်ပင် တောင်လည်းစိမ်းသည်။ မြက်လည်း စိမ်းသည်။ ရေလည်း စိမ်းသည်။ ပတ်ဝန်းကျင်တစ်ခုလုံး စိမ်းနေသည့် စိမ်းလန်းသော အိပ်မက်တစ်ခုပင်ဖြစ်ပေသည်။

ဆရာတင်မောင်ဦး တင်သွင်းထားသည့် ပန်းချီကား ကိုးကားစလုံးကို ခေတ်သစ်နည်းဖြင့် ရေးဆွဲထားခြင်းဖြစ်သည်။ Mix Mediaရေးနည်းဖြင့် ရေးထားသည်။ **ကက္ကူဘုရား၊ နံ့နက်ဈေး၊ ညနေဈေး၊ တပို့တွဲ၊ တပေါင်း**စသည်ဖြင့် နာမည်က မြန်မာဆန်သကဲ့သို့ အတွေးနှင့် အရေးကလည်း မြန်မာဆန်နေသည်။ ခေတ်သစ်နည်းဖြင့် ရေးသားတင်သွင်းထားသော်လည်း ဒြပ်မဲ့မဟုတ်ပေ။ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့၊ မြန်မာ့အငွေ့အသက်တို့ကို အတွေးသစ်၊ အမြင်သစ်ဖြင့် ကြည့်သူခံစားနိုင်အောင် တင်ပြထားသည်။ အမှန်တော့ ဆရာ့ပန်းချီကားများသည် ရေးချက်ကလည်း ကဗျာ၊ ဆေးစက်ကလည်းကဗျာ၊ မျဉ်းကလည်းကဗျာ၊ အရောင်ကလည်း ကဗျာဟု ဆိုရမည်သာဖြစ်သည်။ ကဗျာတစ်ပုဒ်ဖတ်ပြီး မိမိနှစ်သက်သလို ခံစားနိုင်သကဲ့သို့ ဆရာ့ကားများကိုလည်း မိမိကိုယ်တိုင်သွားရောက်ကြည့်ရှုမှသာ ခံစားနိုင်ပေသည်။ ပန်းချီရသကိုမူ တစ်ယောက်တစ်မျိုး ခံစားရမည်သာဖြစ်သည်။

ဝါရင့်ပန်းချီဆရာကြီးများ၏ ပြောင်ပြောင်မြောက်မြောက် တခမ်းတနားရေးဖွဲ့ထားသည့် ပန်းချီကားကြီးများထဲတွင် လူငယ်ပန်းချီဆရာတစ်ဦး၏ လက်ရာကလည်း ပြတ်မကျန်ရစ်ပေ။ ဆရာမျိုးသန့်အောင်သည် **သဘာဝအလှ(၁)** နှင့် **(၂)၊ ချမ်းမြေ့ခြင်း၊ အချစ်** နှင့် **ပင်လုံညနေခင်း** ပန်းချီကားငါးကားကို တင်သွင်းထားသည်။

> **အခက်အခဲ အကျပ်အတည်းနှင့် ဆင်းရဲမှုဒဏ်ကို ကြံ့ကြံ့ခံနိုင်စွမ်းရှိသော အားမလျှော့သော၊ အရှုံးမပေးသော ကိုယ့်စွမ်းကိုယ့်အင် ပေါ်လွင်နေသည့် ဈေးသည်မိသားစု၏ဘဝ ဖော်ကျူးထားသည့် ဆရာ ကြီးမြင့်စော၏ ဈေးသည် မိသားစု ပန်းချီကားမှာလည်း ဈေးသည်ဘဝကို ပေါ်လွင်စေပါသည်။**
>
> *[ဓာတ်ပုံ-သွင်အေး(ကြေးမုံ)]*

ဆရာသည် **သဘာဝအလှ(၁)** နှင့် **(၂)** ကို ပအိုဝ်းအဘွားအိုနှင့် တောင်ရိုးအဘွားဘိုတို့ကို ရေးဆွဲထားခြင်းဖြစ်သည်။ ပအိုဝ်းအဘွားအိုပုံကို ပိုမိုနှစ်သက်မိသည်။ **သဘာဝအလှ**သည် နုပျိုခြင်း၊ လတ်ဆတ်ခြင်း၏ အလှမဟုတ်။ အိုမင်းခြင်း၊ ရင့်ရော်ခြင်း၏ အလှဖြစ်သည်။

ဆရာမျိုးသန့်အောင်သည် သက်ကြီးရွယ်အိုဘဝ၏ ဇရာအလှကို မိမိမြင်သလို အခြားသူများကိုလည်း မြင်အောင် မျှဝေနိုင်စွမ်းရှိသူဖြစ်သည်။ ပအိုဝ်းအဘွားအို၏ မျက်နှာပေါ်တွင် ဇရာ၏ လက္ခဏာအရေးအကြောင်းများ ကူးယှက်ဖြတ်သန်း စခန်းချနေကြပြီဖြစ်သည်။ သို့သော် ထိုဇရာအရေးအကြောင်းတို့နှင့်အတူ အကြင်နာတရား၊ မေတ္တာတရား၊ ကရုဏာတရားတို့ကလည်း စုဝေးပေါင်းဆုံနေကြပြန်သည်။ အဘွားအို၏ မပွင့်တပွင့်အပြုံးသည်ပင် မြင်ရသူကို ကြည်နူးသွားစေသည်။ ဆရာမျိုးသန့်အောင်သည် အဘွားအို၏ခေါင်းပေါ်တွင် ပေါင်းထားသည့် မွေးပွမျက်နှာသုတ်ပဝါ၏ ပျော့အိညံ့သက်မှုကိုပင် ပေါ်လွင်အောင် ရေးခြယ်ပြသနိုင်သည်။



ပအိုဝ်းအဘွားအို၏ မပွင့်တပွင့်အပြုံးသည်ပင် မြင်ရသူကို ကြည်နူးသွားစေသည်။
ဆရာမျိုးသန့်အောင်သည် အဘွားအို၏ ခေါင်းပေါ်တွင် ပေါင်းထားသော မွေးပွမျက်နှာသုတ်ပဝါ၏ ပျော့အိညံ့သက်မှုကိုပင် ပေါ်လွင်အောင် ရေးခြယ်ပြသနိုင်သည်။

ဓာတ်ပုံ-သွင်အေး(ကြေးမုံ)]

ပင်လုံညနေခင်း သည် အစိမ်းရောင်လွှမ်းသော လယ်ကွင်းနှင့် သစ်ပင်တစ်ပင်၏ အလှဖြစ်သည်။ **အချစ်**သည် ခွေးတစ်ကောင်နှင့် ကလေးတစ်ယောက်၏ သံယောဇဉ်ကိုပြသည်။ ကလေးအနီးမှ အုတ်တံတိုင်းနှင့် ခေါင်းလောင်းကြောင့် ဘုန်းကြီးကျောင်းသား ကလေးနှင့် ကျောင်းမှ ခွေးတစ်ကောင်ဖြစ်ပေမည်။ တောင်ရိုးအဘွားအိုကမူ မျက်နှာရှေ့တွင် လက်တစ်ဖက်ကကွယ်နေသဖြင့် အဘွားအို၏ဇရာအလှကို လက်ကကွယ်နေသည်ဟု ထင်မိသည်။

မည်သို့ပင်ဆိုစေ ကြည့်မြင်တိုင်မြို့နယ်မှ ပန်းချီဆရာခြောက်ဦး၏ **စက်တင်ဘာမိုး** ပန်းချီပြပွဲကား အောင်မြင်သော ပန်းချီပြပွဲတစ်ခုပင်ဖြစ်သည်။ ပန်းချီပြပွဲ ဖွင့်သည့်နေ့ကပင် ပြပွဲခန်းမထဲတွင် ပန်းချီဝါသနာရှင်များ ဖြင့်ပြည့်နေသည်။ ၃၄ x၅၂ လက်မ အရွယ်အထိရှိသော ပန်းချီကားကြီးများကြောင့်လည်း ကြည့်ရှုသူ ပန်းချီဝါသနာရှင်များအတွက် တစ်မျိုးတစ်ဘာသာထူးခြားနေပေသည်။

မိမိတို့သည် ပြပွဲခန်းမှ ထွက်ခဲ့ကြသော်လည်း ဆွဲဆောင်မှုအားကောင်းလှသည့် စက်တင်ဘာမိုး ပန်းချီကားကြီးများက မိမိတို့နှင့် ပါလာသယောင် မြင်ယောင်နေမိသည်။

ပန်းချီပညာသည် တန်ခိုးသတ္တိအလွန်ရှိသော ခြသေ့ဆီအလား အရည်အချင်းနှင့် ပြည့်စုံသည့် သီဂိရွှေခွက်ဖြင့် မွန်မြတ်စွာခံယူ၍ အစဉ်အဆက် တိုးတက်မြင့်မားအောင် ကြိုးစားပြုစုပျိုးထောင်ကြပါဟု တပည့်များအား ဆုံးမစကားပြောကြားခဲ့သည့် ပန်းချီ ပန်းပုကျောင်းတွင် နှစ်ပေါင်းများစွာနည်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ပန်းချီဆရာကြီး ဦးသိန်းဟန်၏စကားကို ပြန်လည်ကြားယောင်ရင်း မိမိတို့ ကြေးမုံအဖွဲ့သည် စက်တင်ဘာမိုး ပန်းချီပြပွဲခန်းမထဲမှ ပြန်လည်ထွက်ခွာခဲ့ကြပါသည်။ ။

(ကြေးမုံ)



ချောင်းနံဘေးသစ်ရိပ်အောက်တွင်ငါးမျှားနေသည့် ကလေးနှစ်ယောက်နှင့် အရွက်မဲ့နေသော်လည်း နီရဲသောအပွင့်များနှင့်လေပြည်ထဲတွင် အလှဆင်နေသည့် လက်ပံပင်အိုကြီး၏ဘဝအားမာန်ကို မြင်ရသည့် ဆရာကိုဇော်ဝင်း၏ မျှော်လင့်ခြင်း ပန်းချီကား။ *ဓာတ်ပုံ-သွင်အေး(ကြေးမုံ)*

ပြည်ထောင်စုအနှံ့ ဖြန့်ကြက်တည်ဆောက်မှုမြင်ကွင်း

နိုင်ငံတော်အစိုးရ၏ အနာဂတ်အတွက် ချမှတ်သော အုတ်မြစ်များတွင် လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ခြင်းသည် ပဓာနကျလျက်ရှိသည်။

ဧရာဝတီတိုင်း မအူပင်တက္ကသိုလ်ကြီးတွင် တိုင်းအတွင်းရှိ တိုင်းရင်းသားလူငယ် ကျောင်းသား၊ ကျောင်းသူများ တစုတစည်းတည်း တည်ငြိမ်အေးချမ်းစွာ၊ ပျော်ရွှင်စွာ ပညာသင်ကြားနိုင်လျက်ရှိကြသည်။ (အပေါ်ပုံ)

ပဲခူးတိုင်း၊ သနပ်ပင်မြို့နယ်၊ ပဲခူးစစ်တောင်းတူးမြောင်းနှင့် ပဲခူးမြစ်ဆုံရာ၌ တည်ဆောက်ထားသော တာဝရေထိန်းတံခါးကြီးသည် စိုက်ပျိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ အကျိုးပြုလျက်ရှိသည်။ (ဝဲပုံ)

တာချီလိတ်ခရိုင်မှ နမ့်ပွန်ချောင်းကူးတံတားသည် နယ်စပ်ဒေသ၏ တည်ငြိမ်အေးချမ်းမှုကို သက်သေပြလျက်ရှိသည်။ (အောက်ပုံ)



⇨ **မြန်မာနိုင်ငံမှ**

ထိုသို့ဆောင်ရွက်ရာတွင် မကွေးတိုင်းတွင် ဘောလီ တံတား အမျိုးအစား ပေ ၁၂၀၀ ရှိသော စလင်းချောင်း (နွယ်တမယ်) တံတား၊ သံမဏိသံပေါင်အမျိုးအစား ၅၁၉၃ ပေရှိသော ဧရာဝတီမြစ်ကူး အနော်ရထာတံတား(ချောက်)၊ ဘောလီတံတားအမျိုးအစား ပေ ၅၃၀ရှိသော ယောချောင်း တံတားနှင့် ဘောလီတံတားအမျိုးအစားဖြစ်၍ ပေ ၉၀၀ ရှိသော မုန်းချောင်းတံတားစသည့် တံတားများကို လမ်းပန်း ဆက်သွယ်ရေး၊ လုံခြုံချောမွေ့စေရေးအတွက် တည်ဆောက် ခဲ့သည်။

အရှည်ဆုံးတံတား

ထို့အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီသည် နယ်မြေဒေသတစ်ခုနှင့်တစ်ခု ရာသီမရွေး လွယ်ကူလျင်မြန်စွာ သွားလာနိုင်အောင် မြန်မာနိုင်ငံ၏ အရှည်ဆုံးတံတားကြီးဖြစ်သည့် ဧရာဝတီမြစ်ကူး (မကွေး) တံတားကို ၂၀၀၂ခုနှစ် နိုဝင်ဘာလ ၂၄ရက်တွင် ဖွင့်လှစ် ခဲ့သည်။ မကွေးတိုင်း မကွေးမြို့နှင့် မင်းဘူးမြို့တို့ကို ဆက်သွယ်ပေးသည့် တံတားဖြစ်၍ စုစုပေါင်းတံတားအရှည် ၈၉၈၉ပေ ရှိသည်။

မကွေးတိုင်းတွင် တံတားများတည်ဆောက်ပေးသကဲ့သို့ ရေလှောင်တမံနှင့် ဆည်များကိုလည်း တည်ဆောက်ပေး ခဲ့သည်။ ရေလှောင်တမံနှင့်ဆည်စုစုပေါင်း ၂၅ခု ဖြစ်သည်။ ရေလှောင်တမံနှင့်ဆည်များမှ မကွေးတိုင်းအတွင်းရှိ စိုက်ပျိုး သော သီးနှံများအောင်မြင်ဖြစ်ထွန်းရေးအတွက် စိုက်ပျိုးရေ များ ဖြန့်ဝေပေးလျက်ရှိသည်။ မကွေးတိုင်းအတွင်း စိမ်းလန်း စိုပြည်ရေးအတွက် အဆိုပါ ရေလှောင်တမံနှင့် ဆည်များမှ ရေများ အထောက်အကူပေးလျက်ရှိသည်။

မြစ်ရေတင်စီမံကိန်း

မန္တလေးတိုင်း ညောင်ဦးမြို့နယ် ပုဂံ–ညောင်ဦးရှိ ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်း စိမ်းလန်းစိုပြည်ရေး၊ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက် ရှိရာ ငါ့သရောက် မြစ်ရေတင်စီမံကိန်းနှင့် လောကနန္ဒာ မြစ်ရေတင် စီမံကိန်းတို့ကိုလည်း တည်ဆောက်ပေးသည်။ အဆိုပါ မြစ်ရေတင်စီမံကိန်းတွင် ဧရာဝတီမြစ်မှရေကို စုပ်တင်လျက် စိုက်ပျိုးမြေဧကများကို စိုက်ပျိုးရေ ပေးဝေခြင်း ပင်ဖြစ်သည်။ ညောင်ဦးမြို့နယ် ငါ့သရောက် လျှပ်စစ်မြစ်ရေ တင် စီမံကိန်းမှာ စိုက်ပျိုးမြေဧက ၈၇၀၀ခန့်ကိုလည်းကောင်း၊ လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ စိုက်ပျိုးမြေ ဧက ၂၈၀၀သို့ စိုက်ပျိုးရေပေးဝေလျက်ရှိသည်။

ပုဂံ–ညောင်ဦးမြို့နယ် စိမ်းလန်းစိုပြည်ရေးအတွက် ငါ့သရောက်လျှပ်စစ် မြစ်ရေတင်စီမံကိန်းနှင့် လောကနန္ဒာ လျှပ်စစ်မြစ်ရေတင် စီမံကိန်းတို့သည် များစွာအထောက် အကူပြု အကျိုးဖြစ်ထွန်းသော လျှပ်စစ်မြစ်ရေတင်စီမံကိန်း များပင်ဖြစ်သည်။

ညောင်ဦးမြို့နယ်တွင် ဧက ၁၅၀၀ကို အကျိုးပြုသည့် လက်ပံခြေပေါ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ဆောင်ရွက် ပြီးစီးပြီဖြစ်သည်။ ကျေးရွာ၁၀ရွာကို သောက်သုံးရေ ပေးဝေ နိုင်သည့် တောင်ဇင်းရေသွယ်လုပ်ငန်းသည်လည်း အကောင် အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည်။ စိုက်ပျိုးမြေ ဧက ၈၇၀၀ ခန့်နှင့် စိုက်ပျိုးမြေဧက၁၁၀၀၀တို့ကို အကျိုးပြုမည့် ငါ့သရောက်နှင့် လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်စီမံကိန်း တို့မှာ ဆောင်ရွက်ဆဲစီမံကိန်းများဖြစ်ပြီး အပိုင်းလိုက်ပြီးစီး သမျှ စိုက်ပျိုးရေပေးဝေလျက်ရှိသည်။

ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ

ထို့ပြင် ပုဂံ–ညောင်ဦးမြို့နယ်သည် ရှေးဟောင်း ယဉ်ကျေးမှုနယ်မြေဖြစ်သည့် အားလျော်စွာ မြန်မာ့ရိုးရာ ယဉ်ကျေးမှု လက်မှုပညာတစ်ရပ်ဖြစ်သော ယွန်းပညာ ကောလိပ်ကိုဖွင့်လှစ်၍ မြန်မာ့ရိုးရာယွန်းပညာကို သင်ကြား ပေးလျက်ရှိသည်။ ရှေးဟောင်း ယဉ်ကျေးမှုနယ်မြေဖြစ် သည့်အားလျော်စွာ တန်ဖိုးမဖြတ်နိုင်သော ရိုးရာအမွေအနှစ် များကို တွေ့ရှိရသည်။ သမိုင်းဝင် ရှေးဟောင်းစေတီပုထိုး အမြောက်အမြားကိုလည်း ဖူးမြော်ရသည်။ ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်း မွမ်းမံ ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းကို အလေးထားဆောင်ရွက်လျက်ရှိရာ အောင်မြင် ဖြစ်ထွန်းလျက်ရှိသည်။ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေမြေရာသီဥတုနှင့် ကိုက်ညီမှု၊ စက်မှု ကုန်ကြမ်းသီးနှံရရှိနိုင်မှုအခြေအနေ၊ ဒေသစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်းက အားပေးကူညီ ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း ရေးသားတင်ပြအပ်ပါ သည်။ ။

(ကြေးမုံ)

ညောင်ဦးမြို့နယ်တွင် တည်ဆောက်ထားသည့် ပုဂံ ဂေါက်ကွင်းနှင့် ပုဂံ၏ သဘာဝအလှအပရှုခင်းများကို ဤသို့ တွေ့ရှိခံစားနိုင်သည်။

ဓာတ်ပုံမှတ်တမ်း–သွင်အေး(ကြေးမုံ)

ညောင်ဦးမြို့နယ် ပစ်တိုင်းထောင် ယွန်းထည်လုပ်ငန်း တွင် ကညစ်ယွန်းပညာဖြင့် ပုံဖော်နေသောယွန်းပညာသည် ကလေးများ၏ လှုပ်ရှားဟန်။

ဓာတ်ပုံမှတ်တမ်း–သွင်အေး(ကြေးမုံ)

e-Trade Myanmar စီးပွားရေးအကြောင်း သိကောင်းစရာများ ထုတ်လွှင့်မည်

ရန်ကုန် စက်တင်ဘာ ၃

ကမ္ဘာတစ်ဝန်းလုံးရှိ စီးပွားရေး လုပ်ငန်းများနှင့် မြန်မာနိုင်ငံရှိ စီးပွား ရေး လုပ်ငန်းရှင်များအကြား ပေါင်းကူး ဆက်သွယ်ပေးမည့် ဝန်ဆောင်မှုလုပ်ငန်း ကို e-Trade Myanmar က မြန်မာ နိုင်ငံတွင် ပထမဦးဆုံး အင်တာနက်ပေါ် တွင် နေ့စဉ် လွှင့်တင်ပေးလျက်ရှိ သည်။ ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်း ရှင်များအတွက် ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များ စီးပွားရေး သတင်းအချက်အလက်များကို မှန်ကန် ပြည့်စုံ၍ လျင်မြန်စွာရရှိပြီး ဈေးကွက် လက်ဦးမှု ပိုမိုရရှိနိုင်မည်ဖြစ်သည်။

အင်တာနက်ပေါ်တွင် e-Trade Myanmarတွင် နေ့စဉ်ဖြစ်ပေါ်လျက် ရှိသော ပြည်တွင်းပြည်ပရှိ စီးပွားရေး သတင်းများ၊ ဈေးကွက်အလိုက် ကုန် ပစ္စည်းများ၏ ပြောင်းလဲမှုအခြေအနေ များ ပို့ကုန်၊သွင်းကုန်များ၏ပေါက်ဈေး များကို နေ့စဉ် ရှာဖွေသိရှိနိုင်မည် ဖြစ်သည်။ ထို့ပြင် ရန်ကုန်နှင့်နယ်စပ် ကုန်သွယ်ရေးစခန်းများမှ ပို့ကုန် သွင်းကုန်များ၏ အခြေအနေ၊ အမျိုး အစား၊ အရေအတွက်များကို အပတ်စဉ် အတိအကျ သိရှိနိုင်မည်ဖြစ်သည်။

ရန်ကုန်ဆိပ်ကမ်းများသို့ နေ့စဉ် ဝင်ထွက်နေသော ကုန်သေတ္တာတင် သင်္ဘောစာရင်းများ၊ ကုန်ပစ္စည်းအမျိုး အစားများ၊ ကုန်သေတ္တာတင်သင်္ဘော များ၏ ဆိုက်ရောက်ထွက်ခွာအချိန် ဇယားများကို သိရှိနိုင်သည်။ ဆိုင်နေရာ မလို၊ လူငှားစရာမလို ၂၄နာရီပတ်လုံး မိမိ၏ လုပ်ငန်းများအကြောင်းနှင့် ကုန် ပစ္စည်းများကို မြန်မာနိုင်ငံနှင့် ကမ္ဘာ ကပါသိရှိနိုင်ရန် အင်တာနက်အရောင်း ပြခန်းများအဖြစ် e-Trade Myanmar က ဆောင်ရွက်ပေးလျက်ရှိသည်။ မိမိ ရောင်းလို၊ ဝယ်လိုသောကုန်ပစ္စည်းများ (သို့မဟုတ်) စီးပွားရေးအခွင့်အလမ်း များကို e-Trade Myanmar တွင် အခမဲ့ကြော်ငြာထည့်သွင်းနိုင်ပြီး ရောင်းသူ နှင့် ဝယ်သူတို့ တိုက်ရိုက်ချိတ်ဆက်ခွင့် ရရှိမည်ဖြစ်သည်။

စီးပွားရေးလုပ်ငန်းရှင်များ အရှိန် အဟုန်ဖြင့် အောင်မြင်တိုးတက်စေရန် e-Trade Myanmar အခန်း(၈)၊ အဆောင်(၄)၊ MICT Park လှိုင် မြို့နယ် ရန်ကုန်မြို့ ဖုန်း–၀၁–၆၅၂၂၈၃၊ ၀၉–၅၀၀၂၈၄၂ မန္တလေးမြို့၊ NRC Building Alpha Computer လမ်း(၈၀)နှင့် ၃၄လမ်းထောင့်၊ ဖုန်း– ၀၁–၄၄၈၁၂၄၅Email:info@etrademyanmar.comသို့ ဆက်သွယ်နိုင် ကြောင်းသိရသည်။ (က–ပ)

မကွေးတိုင်း ပွင့်ဖြူမြို့နယ်တွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ် လုပ်ငန်းမှ အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိသော ပွင့်ဖြူချည်မျှင်နှင့် အထည်စက်ရုံ စီမံကိန်းလုပ်ငန်းမှ ပင်မအဆောက်အအုံ ဆောက်လုပ် နေသည်ကို တွေ့ရစဉ်။ (စက်ရုံ ပြီးစီးပါက ၁/၄၀ ပေါ်ပလင်ပိတ် ကြမ်း တစ်နှစ်လျှင် ကိုက်ငါးသန်း၊ ၁/၄၀ ပီစီပိတ်ကြမ်း တစ်နှစ်လျှင် ကိုက်ငါးသန်း၊ ၁/၄၀ ပီစီချည် တစ်နှစ်လျှင် ပေါင် ၁ဒသမ ၅သန်း၊ ၁/၄၀ ဘီးဖီးချည် တစ်နှစ်လျှင် ပေါင် ၁ဒသမ၅ သန်း ထုတ်လုပ်နိုင် မည် ဖြစ်ကြောင်း သိရသည်။)

[ဓာတ်ပုံမှတ်တမ်း–စက်မှု(၁)]

အီရတ်မြင်ကွင်းကျယ် စာအုပ်ထုတ်ဝေ

ရန်ကုန် စက်တင်ဘာ ၃

ပြီးခဲ့သော အီရတ်စစ်ပွဲနှင့် ပတ်သက် ၍ နောက်ခံသမိုင်း၊ စစ်မဖြစ်မီ၊ စစ် ဖြစ်ဆဲ၊ စစ်ဖြစ်ပြီး အခြေအနေများကို ဓာတ်ပုံသရုပ်ဖော်ပုံ ၂၀၀ကျော်တို့ဖြင့် ရှင်းလင်းတင်ပြထားသည့် ကျော်ဦး၏ အီရတ်မြင်ကွင်းကျယ်စာအုပ်ကို တန်ဖိုး ကျပ် ၉၀၀ဖြင့် ပါရမီစာပေ၊ ဖုန်း ၂၅၃၂၄၆က ထုတ်ဝေဖြန့်ချိထားသည်။ ယင်းစာအုပ်၏ နောက်ဆက်တွဲ ကဏ္ဍ၌ ဆက်ဒမ်ဟူစိန်၏အတ္ထုပ္ပတ္တိ၊ လွန်ခဲ့ သည့် နှစ်၅၀က အမေရိကန်နှင့် ဗြိတိန် တို့ ပူးပေါင်း၍ အီရန်အစိုးရကို ဖြုတ်ချ ခဲ့ပုံ ဖြစ်ရပ်မှန်များလည်း ပါဝင်သည်။

(အပေါ်ပုံ) (က–ပ)

ခုနစ်ရက် တရားစခန်းပွဲ

ရန်ကုန် စက်တင်ဘာ ၃

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကော့ကဒွတ်ကျေးရွာ တိုက်ကျောင်းကြီးကျောင်းတိုက်၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရန်ကုန်မြို့ အင်းစိန်မြို့နယ် ထောက်ကြန့် ဂူကြီးကျောင်းဆရာတော် ဦးစိန္တိ တာလင်္ကာရနှင့် ဦးဝါသိဋ္ဌတို့က ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ် ခုနစ်ရက်တရားစခန်း ဟောကြားမည်ဖြစ်သဖြင့် တရားစခန်းဝင်ရောက်လိုသူများ တော်သလင်းလဆန်း ၁၁ရက် (စက်တင်ဘာ ၆ရက်) ညနေအရောက် လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

အင်္ဂလိပ်စကားပြောနှင့် သဒ္ဒါသင်တန်းများ ဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၃

အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကားပြောကို ကျွမ်းကျင်တတ်မြောက်စွာ ရေးသားပြောဆိုလေ့လာ သင်ယူလိုသူများအတွက် Y.E.S Language Centre မှ လစဉ်ဖွင့်လှစ်လျက်ရှိသော B.S.E သင်တန်းများကို စက်တင်ဘာ ၁၅ရက်၊ ၂၂ရက်နှင့်၂၉ရက်များတွင်လည်းကောင်း၊ P.I.E သင်တန်းများကို စက်တင်ဘာ ၁၅ရက်နှင့် ၂၇ရက်များတွင် လည်းကောင်း၊ Grammar Foundation Course နှင့် Vocabulary Enrichment Course ကို စက်တင်ဘာ၂၂ရက်နှင့် ၂၉ရက်များတွင် လည်းကောင်း၊ ဆရာဦးမြင့်အောင် ကိုယ်တိုင်သင်ကြားသော SAT I သင်တန်းနှင့် Academic Writing Course ကို စက်တင်ဘာ ၂၀ရက်တွင်လည်းကောင်း AE/SAT II, TOEFL နှင့် IELTS သင်တန်းများကိုလည်းကောင်း ဖွင့်လှစ်ရန် ရှိသည်။ စိတ်ဝင်စားသူများ Y.E.S Language Centre အမှတ် (၁၁၉) Y.W.C.A အဆောက်အအုံ(ပထမထပ်) ဘိုကလေးဈေးလမ်း ဗိုလ်တထောင်မြို့နယ် ဖုန်း-၂၄၅၈၂၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က-ပ)



၂၆-၈-၂၀၀၃ နေ့စွဲပါ ကြေးမုံနေ့စဉ်သတင်းစာပါ ဦးဖြိုးဝေဝင်းနှင့် အများသိစေရန်သတိပေးခြင်းနှင့် စပ်လျဉ်း၍ ပြန်လည်ဖြေရှင်းခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားလမ်း၊ အမှတ်(၆၀/စီ)နေ ဦးဖြိုးဝေဝင်း [၁၂/ဗဟန(နိုင်) ဝ၄၅၁၉၃]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဖြေရှင်းပါသည်။

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်အရှေ့သရက်ကုန်းတိုက်နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၆/ကေ)မြေကွက်အမှတ် ၁၁၁/အီး(၂-ဘီ)မြေအကျယ် ဒသမ ၄၈၄ ဧကရှိ ဘိုးဘွားပိုင်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၆၀/စီ ဟုခေါ်တွင်သော နှစ်ထပ်တိုက်အဆောက်အအုံတို့သည် ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တရားဝင်ချုပ်ဆိုမှတ်ပုံတင်၍ မွေးစားခဲ့သော ဦးဖြိုးဝေဝင်း၏ မွေးစားဖခင် အဘိုးလည်းတော်စပ်သူ ဦးကျော်သိန်းမှ ၁၈-၆-၆၇ ရက်စွဲပါ ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် ၇၅၈/၆၇ အရ၊ ဦးကျော်သိန်းက ပိုင်ဆိုင်နေထိုင်လာခဲ့ပါသည်။ ဦးကျော်သိန်း ကွယ်လွန်ပြီးနောက် အတူနေ ဦးဖြိုးဝေဝင်းက ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၂-၄-၂၀၀၂ နေ့စွဲပါ မှတ်ပုံတင်စာချုပ်အမှတ် ၁၄၃၃/၂၀၀၂ အရ တရားဝင်ပိုင်ဆိုင်သော ပစ္စည်းများသာ ဖြစ်ပါသည်။

အထက်အကြောင်းအရာပါ ကြော်ငြာကို ကြော်ငြာသူ ဒေါ်နီလာညွှန့်က ရန်ကုန်တိုင်းတိုင်းတရားရုံးတွင် တရားမကြီးအမှုအမှတ် ၃၀၅/၂၀၀၂ဖြင့် ဦးလှညွှန့်၏ ကိုယ်စားလှယ်စာရသူအဖြစ် အထက်ပါပစ္စည်းများနှင့်စပ်လျဉ်း၍ ဦးဖြိုးဝေဝင်းအပါအဝင် ရှစ်ဦးတို့အား တရားစွဲဆိုခဲ့ရာ အဆိုပါအမှုကို ပလပ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့တရားစွဲဆိုစဉ်က ပူးတွဲတရားပြိုင်အဖြစ် ဒေါ်စန်းစန်းမြင့်ကိုပါ ထည့်သွင်းစွဲဆိုခဲ့ပါသည်။ ယခုလည်း ဒေါ်နီလာညွှန့်က မူလငင်း၏ တရားပြိုင်အဖြစ် တရားစွဲခဲ့ဖူးသူ ဒေါ်စန်းစန်းမြင့်၏ နီးစပ်ရာမိတ်ဆွေဟု အဆိုပြု၍ ဦးဖြိုးဝေဝင်းနှင့်အများသိစေရန် သတိပေးခြင်းကို ကြော်ငြာခဲ့ခြင်းမှာ ကျွန်ုပ်၏ မိတ်ဆွေ ဦးဖြိုးဝေဝင်းအပေါ် နည်းမျိုးစုံဖြင့် သိက္ခာကျစေရန်ရည်ရွယ်၍ ပြုလုပ်ခြင်းသာ ဖြစ်ပါသည်။ ယနေ့အထိ အဆိုပါတည်မြဲနေသော စာချုပ်များအရ ကျွန်ုပ်မိတ်ဆွေသာ တစ်ဦးတည်းပိုင်ရှင်အဖြစ် လက်ရှိနေထိုင်လျက်ရှိပါသည်။ နောက်နောင် ဤသို့ အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေမည့် ကြော်ငြာခြင်းများကို ဆောင်ရွက်ပါက ဥပဒေနှင့်အညီ ကျွန်ုပ်တို့က တရားစွဲဆိုမည်ဖြစ်ကြောင်း ပြန်လည်ဖြေရှင်း ကြော်ငြာပါသည်။

ညွှန်ကြားချက်အရ-

လှမြင့် B.A; LL.B

တရားရုံးချုပ်ရှေ့နေ၊ စဉ်-၁၃၁၅

၉၈-ဗိုလ်အောင်ကျော်လမ်း

ရန်ကုန်မြို့။

အင်္ဂလိပ်စကားပြော သင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၃

အင်္ဂလိပ်စာ ရေး၊ဖတ်၊ပြော၊သဒ္ဒါ Phonetic နှင့် Translation သင်တန်းများကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် စာရေးဆရာ ဦးအောင်ဟိန်းကျော် ကိုယ်တိုင် သင်ကြားပို့ချမည်ဖြစ်ရာ အလွတ်မကျက်ဘဲ နိုင်ငံခြားသားနှင့် လက်တွေ့ပြောတတ်စေရန် ထိရောက်သည့် သင်ကြားနည်းများဖြင့် ပို့ချပေးမည်ဖြစ်သည်။ တက်ရောက်လိုသူများသည် အမှတ် (၃၆၅)၊ မဟာဗန္ဓုလလမ်း၊ (၃၈)လမ်းနှင့် (ဆိပ်ကမ်းသာလမ်းကြား) ကျောက်တံတားမြို့နယ်သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (က-ပ)



အများသိစေရန် ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ ဘုရင့်နောင်လမ်းမကြီး၊ ရွှေစံပယ်ရိပ်မွန်အိမ်ရာ၊ ရွှေငုဝါလမ်း၊ တိုက်အမှတ်(ဒီ-၂)တွင် နေထိုင်သူ ဒေါ်ခင်ခင်ရွှေ[၁၂/သဃက (နိုင်)၁၃၆၅၅၈] ကိုင်ဆောင်သူက အောက်ဖော်ပြပါ တံဆိပ်အမည် အမှတ်အသားများကို တစ်ဦးတည်း မူပိုင်အဖြစ် သုံးစွဲရန် ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ ၂၀၀၃ခုနှစ်၊ ဩဂုတ်လ(၁၅)ရက်နေ့တွင် မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည်။

Miss Style Fashion — မှတ်ပုံတင်အမှတ် - ၄၇၃၈/၂၀၀၃

Co Co Collection

အထက်ဖော်ပြပါ Miss style Fashion နှင့် Co Co Collection တံဆိပ်အမှတ်အသားများကို ဒေါ်ခင်ခင်ရွှေထုတ်လုပ်သော မိန်းမစီးဖိနပ်အမျိုးမျိုး၊မိန်းမစီးဖိနပ် ဒီဇိုင်းအမျိုးမျိုးနှင့် မိန်းမစီး ဖိနပ်ခွာဒီဇိုင်း အမျိုးမျိုးတို့တွင် ကပ်နှိပ်လျက် ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ လှည်းတန်းလမ်း၊ အမှတ်(၁၈)၊ (လှည်းတန်းဈေးအနီး)တွင် ပင်ရင်းဆိုင်အဖြစ် "တမ်းတ" ဖိနပ်ဆိုင်မှလည်းကောင်း၊ကိုယ်စားလှယ်ဆိုင်ဖြစ်သော ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ ပဒုမ္မာကွင်း၊ ဆိုင်အမှတ်(စ/၄)၊ "ကောင်းစုံ" ဆိုင်မှလည်းကောင်း မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ တွင်ကျယ်စွာ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များသည် ဒေါ်ခင်ခင်ရွှေတစ်ဦးတည်းမူပိုင်ဖြစ်သည့်အတွက် ဒေါ်ခင်ခင်ရွှေ၏ ခွင့်ပြုချက်မရရှိဘဲ ယင်းကုန်အမှတ်တံဆိပ်များ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ကုန်အမှတ်တံဆိပ်များပါ မိန်းမစီးဖိနပ်ခွာဒီဇိုင်းနှင့် ဖိနပ်ဒီဇိုင်းတစ်ခုလုံးကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှားသော်လည်းကောင်း၊ မည်သူမျှ တုပပြုလုပ်ခြင်း၊ရိုက်နှိပ်ခြင်း၊လက်ဝယ်ထားရှိခြင်း၊ယင်းကုန်အမှတ်တံဆိပ် အတုအပများကို ကပ်နှိပ်၍ ဖြန့်ဖြူးရောင်းချခြင်းတို့ လုံးဝမပြုလုပ်ကြရန်နှင့် အကယ်၍ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းစိန် **B.A(Law)LL.B,D.B.L,D.M.L**

တရားရုံးချုပ်ရှေ့နေ

အမှတ်(အေ/၅)၊ရွှေငုဝါလမ်း၊ ရွှေစံပယ်ရိပ်မွန်အိမ်ရာ၊

ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်း။

၂၀၀၃–၂၀၀၄ ဘောလုံးရာသီ အင်္ဂလန်ပရီမီယာလိဂ် ကနဦးလနဦးကာအဖွင့်ဝယ်

သတင်းဆောင်းပါး–မောင်မောင်ထွေး

ရန်ကုန် စက်တင်ဘာ ၃

၂၀၀၃–၂၀၀၄ခုနှစ် ဘောလုံးရာသီ အင်္ဂလန်ပရီမီယာလိဂ် အဖွင့်ပွဲစဉ်များကို လွန်ခဲ့သော ဩဂုတ် ၁၆ရက်က စတင်ကျင်းပခဲ့ရာ ပွဲစဉ်(၄)သို့ တိုင်ခဲ့ချေပြီ။ ရာသီအစဖွင့်ပွဲ ပွဲစဉ် စတင်သည်နှင့်တစ်ပြိုင်တည်း စိတ်ဝင်စားဖွယ်ရာ ဂန္ထဝင်ဝတ္ထု ဓာတ်လမ်းရှည်ကြီးနှယ် အဖွင့်စာမျက်နှာမှာပင် ပရိသတ်များအား ဆွဲငင်ခေါ်ယူနိုင်ခဲ့ပေသည်။

ချန်ပီယံဖလားကြီးကို ချိန်ရွယ်နိုင်စွမ်းရှိသည့် အာစင်နယ်၊ မန်ယူ၊ချယ်လ်ဆီး၊ ကော်ကောင် ဖြစ်နိုင်သည့် လီဗာပူး၊ ဥရောပဘောလုံးအဖွဲ့ချုပ်ဖလား ဝင်ခွင့်ရရှိရေးအတွက် အလယ်လတ်တန်းစားအသင်းများ၊ ပရီမီယာလိဂ်ပြိုင်ပွဲတွင် တင်ကျန်ရစ်အောင် ရည်ရွယ်လျက်ရှိသည့် အောက်တန်းအသင်းများမှာ ရာသီအဖွင့်မှာပင် ကဏ္ဍအလိုက် ရည်ရွယ်ချက်ကိုယ်စီဖြင့် အစွမ်းကုန် ယှဉ်ပြိုင်နေကြ၍ အကြိတ်အနယ်ရှိလှသည်။

ပြီးခဲ့သည့် ဘောလုံးရာသီတွင်မူ ထုံးစံအတိုင်း မန်ယူနှင့်အာစင်နယ်တို့သာ မာရသွန် ခရီးရှည်ကြီးဝယ် သူတစ်ပြန်၊ကိုယ်တစ်ပြန်ရှိခဲ့သည်။ လီဗာပူးနှင့် ချယ်လ်ဆီးတို့က မျှော်မှန်းသလောက် အထက်ကအသင်းကြီးနှစ်သင်းကို ဖိအားမပေးနိုင်ခဲ့ချေ။ ထို့ကြောင့် မြင်းနှစ်ကောင်တည်း ပြေးနေသည့် အခြေအနေမျိုးသာဖြစ်ခဲ့သည်။

အာစင်နယ်က ၂၀၀၃ခုနှစ် မတ်လပိုင်းထိ ပြိုင်ဘက်အသင်းများကို အမှတ်အပြတ်ဖြင့် ရှေ့မှဦးဆောင်နေသည်။ မန်ယူက ရာသီကုန်ခါနီးနှောင်းပိုင်းတွင် ထိပ်တန်းအသင်းကြီးများနှင့် ပွဲကျပ်များသာ ဆက်ကစားရမည်ဖြစ်၍ ၂၀၀၂–၂၀၀၃ ဘောလုံးရာသီချန်ပီယံမှာ အာစင်နယ်မှတစ်ပါး အခြားမရှိဟု ပရိသတ် အားလုံးနီးပါးက ထင်ကြေးပေးခဲ့မိကြသည်။

သို့သော် ထင်ကြေးအားလုံး မဖြစ်ခဲ့။ ရာသီအစတွင် ဘော်လ်တန်၊လိဒ်ကဲ့သို့သော အသင်းများကို ရှုံးနိမ့်ကာ အောက်တန်းဆင်းရမည့်အသင်းများနှင့် သရေကျပြီး အခြေမလှဖြစ်ခဲ့သော နာမည်ကျော်မန်ယူသည် ရာသီနှောင်းပိုင်းတွင် ပွဲကျပ်များကို မီးလျှံကြားမှရုန်းထွက် ပျံသန်းခဲ့သည့် ဖီးနစ်ငှက်သို့နယ် ရုန်းထွက်နိုင်သည်။ အဖိုးတန်အမှတ်များ မဆုံးရှုံးခဲ့ရုံမက တိုးလာခဲ့သည်။

အခြားတစ်ဖက်တွင်မူ ပြိုင်ဘက်အာစင်နယ်မှာ ပန်းဝင်ခါနီးမှ ခြေခေါက်ခဲ့ရသည်။ ပွဲစဉ်(၃၂)အပြီးတွင် မန်ယူက လီဗာပူးကို ဂိုးပြတ်နှင့်အနိုင်ရပြီး အာစင်နယ်က အက်စတန်ဗီလာနှင့်သရေကျသွား၍ ၆၇ မှတ်စီဖြင့် အမှတ်တူသွားသည်။ ပွဲစဉ်(၃၅)အပြီးတွင် မန်ယူက ဟိုက်ဘူရီကွင်းတွင် အာစင်နယ်နှင့်သရေကျပြီး ထိပ်ဆုံးနေရာသို့ လက်ပြောင်းလက်လွှဲရယူသွားသည်။ ပွဲစဉ်(၃၆) တွင် မန်ယူကနိုင်ပွဲဆက်ပြီး ပြိုင်ဘက်ကြီး အာစင်နယ်က ဘော်လ်တန်နှင့် သရေကျသွားပြန်၍ မန်ယူဗိုလ်စွဲရန် အခွင့်သာသွားသည်။ အာစင်နယ်အတွက် ကံကြမ္မာဆိုးရွားလှပုံက ပွဲစဉ်(၃၇) အပြီးတွင် အာစင်နယ်က မိမိကိုဒုက္ခပေးနေကျလိဒ်စ်ကို အိမ်ကွင်းတွင် အရေးနိမ့်ခဲ့ရာ ပြိုင်ဘက်မန်ယူက ချာလ်တန်ကိုအနိုင်ကစား၍ ပွဲစဉ်တစ်ပွဲ အလိုမှာပင် ပရီမီယာလိဂ် ချန်ပီယံဖြစ်သွားခဲ့သည်။

ယခုနှစ် ဘောလုံးရာသီတွင်လည်း မန်ယူနှင့် အာစင်နယ်တို့၏ ပြိုင်ဆိုင်မှုမှာ ရာသီအစကတည်းက မြင့်မားလှသည်။ သို့သော် ၎င်းတို့နှစ်သင်း၏ ပြိုင်ဆိုင်မှုကြားထဲသို့ ပိုင်ရှင်အသစ်၏ ခနငွေကြေးတို့ဖြင့် နာမည်ကျော်များကို လက်မရှောင်ဝယ်ယူဖြည့်ဆည်းနေသော ချယ်လ်ဆီး တစ်ဂိုး၊ မစ်ဒယ်ဘရောကို လေးဂိုးပြတ်၊ အက်စတန်ဗီလာကို နှစ်ဂိုးပြတ်၊ မန်စီတီးကို နှစ်ဂိုး–တစ်ဂိုးဖြင့် နိုင်ပွဲဆက်၍ ၁၂ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့သည်။

ပြိုင်ဘက် မန်ယူမှာမူ ပွဲစဉ် (၃) အထိ အမှတ်တူဖြင့် လိုက်နေသော်လည်း ပွဲစဉ် (၄)တွင်မူ ဆောက်သမ်ပတန်ကို တစ်ဂိုး–ဂိုးမရှိဖြင့် ဇွဲဆော်ဦးရှုံးပွဲနှင့်တိုး၍ ခြေလှမ်းတန့်သွားသည်။

> **ဆောက်သမ်ပတန်မှ ဘီတီက မန်ယူသို့ တစ်လုံးတည်းသော အနိုင်ဂိုးကို ခေါင်းတိုက်သွင်းယူလိုက်စဉ်။**
> (ဓာတ်ပုံ–သည်စထရိတ်တိုင်းမ်)

ထိုးဖောက်နိုင်၊မနိုင်ကို လေ့လာရဦးမည်။ ယခုနောက်ဆုံး ရီးယဲလ်မက်ဒရစ်မှ အလယ်တန်းခံစစ်သမား မခ်လီလီကို ထပ်မံ ဝယ်ယူဖြည့်တင်းခဲ့ရာ ချယ်လ်ဆီးအင်အား အတော်တောင့်သွားသည်။ မူတူးနှင့် ခရက်စပိုတို့၏ တိုက်စစ်က ပြိုင်ဘက် နောက်တန်းများကို အန္တရာယ်ပြုနိုင်ပေသည်။ တိုက်ပွဲ၏ စိတ်ဓာတ်အပြည့် တည်ဆောက်နိုင်ခဲ့လျှင်၊ နိုင်သင့်နိုင်ထိုက်သော အသင်းများကို အနိုင်ရအောင် ကစားတတ်လျှင်၊ အဖိုးတန်အမှတ်များကို မဖြုန်းတီးဘဲ ကစားနိုင်လျှင် ယခုနှစ် ဘောလုံးရာသီမှာ မြင်းသုံးကောင်ပြေးသော သုံးပွင့်ဆိုင် ယှဉ်ပြိုင်မှုဖြစ်လာနိုင်သည်။

ယခု လတ်တလောပွဲစဉ်(၄)အပြီးတွင် အာစင်နယ်က ထိပ်ဆုံးနေရာကို ရယူထားသည်။ အဲဗာတန်ကို နှစ်ဂိုး–

ပထမတန်းမှ တန်းတက်လာသော ပို့စ်မောက်အသင်းမှာမူ ရာသီအစတွင် အခြေအနေကောင်းနေသည်။ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ ရှစ်မှတ်ဖြင့် တတိယနေရာသို့ တက်လာသည်။ သမ္ဘာရင့် လူဟောင်းကြီး ရှရင်ဂမ်၊ မာဆင်တို့နှင့် လူငယ်ခြေတက်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ သို့သော် လူဟောင်းကစားသမားကြီးတို့၏ ကြံ့ခိုင်မှုက တစ်နေ့ရွှေ၊ တစ်နေ့ငွေဖြစ်လာနိုင်၍ ပို့စ်မောက်အသင်း၏ လက်ရှိရပ်တည်မှုကို ကံသေကံမပြော၍ မရနိုင်ချေ။ ထိပ်ပိုင်းကို ဇွဲနှင့် အားဖြင့်တက်လာနိုင်သော်လည်း ကြာရှည်ရပ်တည်နိုင်ရေးအတွက် တောင့်ခံနိုင်သော စိတ်ဓာတ်ခွန်အား၊ ကိုယ်ခံအား ရှိဖို့လိုပေမည်။

အပြောင်းအရွှေ့ဈေးကွက်မှာပင် ပရိသတ်ထုကို ယူဆွဲဆောင်နိုင်စွမ်းရှိသော ချယ်လ်ဆီးအသင်းက ပွဲစစချင်း နာမည်ကြီး လီဗာပူးနှင့် လက်စ်တာတို့ကိုနိုင်ပွဲဆက်ခဲ့သော်လည်း ပွဲစဉ် (၄)တွင်မူဘလက်ဘန်းနှင့်နှစ်ဂိုးစီသရေကျခဲ့၍ နိုင်ပွဲ တန့်သွားသည်။ မရှုံးသည်မှာပင် ကံကောင်းသည်ဟု ဆိုရမည်။ ဘလက်ဘန်းမှ အင်ဒီကိုးလ်၏ ဂိုးများကို မူတူးနှင့် ဟယ်ဆယ်ဘိမ့်တို့က နောက်မှပြန်ချေပနိုင်၍ အဖိုးတန် တစ်မှတ်ပြန်ရခဲ့ခြင်းဖြစ်သည်။ ဘလက်ဘန်းက ချယ်လ်ဆီးကို နှစ်ပေါင်း ၂၀ အတွင်း မရှုံးသေးသည့်စံချိန်ကို ဆက်လက် စိုက်ထူသွားသည်။ချယ်လ်ဆီးကတစ်ပွဲလျော့ သုံးပွဲကစား အပြီးတွင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ခုနစ်မှတ်ရရှိထားသည်။ ပွဲစဉ်(၃) ဘာမင်ဂမ်နှင့် ပွဲစဉ်တွင် ကစားဖြစ်ပြီး အနိုင်ရခဲ့ပါက မန်ယူ၏ ဒုတိယနေရာကို သိမ်းပိုက်နိုင်ပေလိမ့်မည်။ သို့သော်တိုက်ပွဲဝင် စိတ်ဓာတ်အပြည့်နှင့် အာရုံစူးစိုက်မှုအပိုင်းတို့တွင် ယခင်က သို့နှယ် ပြောင်းလဲတိုးတက်မှု မရှိပါက လူများပြီးပွဲစည်နိုင်လိမ့်မည် မဟုတ်ပေ။

ဘောလုံးရာသီစတိုင်း ဟုတ်နီးနီး၊ ဟုတ်နီးနီးဖြင့် မျှော်လင့်နေရသော လီဗာပူးမှာမူ ပွဲစဉ်(၄)ရောက်မှသာ အနိုင်ပွဲ၏ အရသာကို မြည်းစမ်းနိုင်ခဲ့သည်။ ပွဲဦးထွက် ပွဲစဉ်တွင်ချယ်လ်ဆီးကိုရှုံးပွဲနှင့်ရင်ဆိုင်ပြီးနောက် အက်စတန်ဗီလာ၊ စပါးစ်တို့နှင့် ဂိုးမရှိသရေ နှစ်ပွဲဆက်ဖြစ်ခဲ့သည်။ ပွဲစဉ်(၄)ရောက်မှအဲဗာတန်ကို သုံးဂိုးပြတ်ဖြင့် အနိုင်ရခဲ့ရာ ဂိုးပေါက်ပျောက်နေသော အိုဝင်က နှစ်ဂိုး၊ ကီဝဲလ်က တစ်ဂိုးသွင်းယူနိုင်၍ ငါးမှတ်ရပြီး စိတ်ဓာတ်ပြန်တက်လာသည်။

နည်းပြအိုကြီးဘော်ဘီရော့ဆင်၏ နယူးကာဆယ်မှာမူ ရာသီအစတွင် မျက်နှာပန်း မလှသေးချေ။ ပွဲစဉ်သုံးပွဲ ကစားပြီးသည်ထိ နိုင်ပွဲရအောင် မစွမ်းဆောင်နိုင်သေး။ ပွဲဦးထွက်တွင် လိဒ်နှင့်ဂိုးမရှိသရေကစားပြီးဘာမင်ဂမ်နှင့် ပွဲစဉ်တွင် တစ်ဂိုးတည်းနှင့် အရှုံးပေးခဲ့ရသည်။ ဩဂုတ် ၂၆ရက်က ချန်ပီယံလိဂ်တတိယဆင့် ခြေစစ်ပွဲတွင် အိမ်ကွင်း၌ ပါကီဇန်ဘဲဂရိတ်ကို ရှုံးပြီးချန်ပီယံလိဂ်ပွဲစဉ်နှင့် လွဲခဲ့ရသည့်ဒဏ်ချက်က ဘာမင်ဂမ်နှင့်ပွဲစဉ်တွင် အကင်းမသေသေးဟန်ရှိသည်။

သို့သော် အင်္ဂလန်ပရီမီယာလိဂ်၏ မာရသွန်ခရီးရှည်ပြိုင်ပွဲကြီးမှာ ယခုမှ ခြေလှမ်းသုံးလေးလှမ်းသာ အစပြုရုံရှိသေး၍ ဆက်လက် လေ့လာကြည့်ရှုရပေဦးမည်။ ယခုလတ်တလော ထိပ်ဆုံးတွင် ရပ်တည်နေသေးသည့် အာစင်နယ်၏ ခြေလှမ်းမှာ ပို၍ စိတ်ဝင်စားစရာကောင်းသည်။ စက်တင်ဘာ၂၀ ရက်၌ မန်ယူနှင့်ကစားရမည့် ပွဲစဉ်(၆)မှ အစပြု၍ ခရီးကြမ်းများသာဖြစ်နေသည်။ ပွဲစဉ်(၇)တွင် နယူးကာဆယ်၊ ပွဲစဉ်(၈)တွင် လီဗာပူး၊ ပွဲစဉ်(၉)တွင် ချယ်လ်ဆီးတို့နှင့်ဆက်တိုက်ရင်ဆိုင်ရမည်ဖြစ်ရာ အာစင်နယ်၏အခက်ကို မန်ယူကအချက်အဖြစ် နေရာဝင်ယူနိုင်မလား၊ သို့မဟုတ် ချယ်လ်ဆီးကပဲ အမြတ်ထုတ်သွားမလား ဆိုသည်ကို ကြိုတင်ရင်ခုန်နေမိပါသည်။ ။**(ကြေးမုံ)**

ရွှေခြသေ့် သမဝါယမဈေးပွဲတော် သိမ်ကြီးဈေး(စီ)ရုံ၌ စည်ကားစွာ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၃

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခွင့်ပြုချက်၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၏ ပံ့ပိုးကူညီမှုဖြင့် ရန်ကုန်မြို့၏ လူစည်ကားဆုံးနှင့် ဈေးကွက်အချက်အချာအကျဆုံး သိမ်ကြီးဈေး(စီ)ရုံ ဒုတိယထပ် အဆောင်(၄)၌ သမဝါယမ ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ရန်ကုန်တိုင်း ရွှေခြသေ့် သမဝါယမအသင်း လီမိတက်က စက်တင်ဘာ ၉ ရက်မှ ၁၃ ရက်အထိ စည်ကား သိုက်မြိုက်စွာကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပါဝင်

ဈေးရောင်းပွဲတော်၌ ဖိုးလပြည့်ကုမ္ပဏီ လီမိတက်က အဓိက ပံ့ပိုးကူညီပြီး Scorpion C Plus,Lemon Tea Plus နှင့် 2 in 1 အားဖြည့် အချိုရည်များကို ရောင်းချပေးသွားမည်ဖြစ်ပြီး Lico Food Stoff Co., Ltd. Myanbisco Biscuoits. M.K Company (Sonia Shampoo). Mp Garments. Taung Taw International Co., Ltd. Royal Silver Top Star . Myanmar MAMEE Double Decker Ltd. Pan Pan Cosmetics. Dream Cosmetics. Popular Cosmetics. Fc Co., Ltd.Nu Care ဆပ်ပြာ၊ Nu Care မိတ်ကပ်၊ လမင်းသင် Casmetics၊ ရွှေကမ္ဘာ ကလစ်ဆိုင်၊ ခိုစိမ်းဖိနပ်၊ ဘုတ်ဆုံမ ငရုတ်သီးမှုန့်၊ အိုကေ ရေခဲမုန့်၊ မိုးပျံ ငါးအူချောင်း၊ သိန်းသန်းစံ (ရှမ်းရိုးရာ အထည်ဆိုင်)၊ ပွင့်အောင်၊ စည်းစိမ်၊ စိုးစိုးစံ၊ ရွှေသရဖူ၊ ပွဲတိုင်းကျော်၊ Latest Shirts. TZT Cotton &Causal Wear. Ro Co Co Fashion King.တို့မှ လူသုံးကုန်၊ စားသုံးကုန် ပစ္စည်းအမျိုးမျိုးတို့ကို နေ့စဉ် ဖျော်ဖြေရေး အစီအစဉ်များဖြင့် နေ့စဉ်နံနက် ၉ နာရီမှ ည ၉ နာရီ အထိ ရောင်းချပေးသွားမည်ဖြစ်သည်။

ဆက်သွယ်ဆောင်ရွက်နိုင်

ပါဝင်ပြသ ရောင်းချလိုသော ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ သမဝါယမ အသင်းများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များသည် ရန်ကုန်တိုင်း ရွှေခြသေ့်သမဝါယမအသင်းလီမိတက်၊ အဆောင်(၂)၊ မဟာကျော်ကုန်တိုက်၊ သိမ်ကြီးဈေး(စီ)ရုံ၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့၊ ဖုန်း–၃၇၁၈၀၀၊ လိုင်းခွဲ–၃၉၄၊ ၄၀၈၊ ၂၄၀၆၀၀၊ လိုင်းခွဲ–၄၃၂၊ ရုံးချိန်ပြင်ပ ၆၃၅၂၆၄သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က–ပ)

ဩဂုတ် ၃၀ရက်က ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပသော မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဆွေက ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ ငါးဘာသာ ဂုဏ်ထူးရှင် မောင်နေအောင်လင်းအား ဆုချီးမြှင့်စဉ်။ (က–ပ)

ကိုရီးယားဘာသာစကားသင်တန်းများ ဖွင့်လှစ်မည်

ရန်ကုန် စက်တင်ဘာ ၃

ကိုရီးယားဘာသာစကား စိတ်ပါဝင်စားသူများအတွက် အခြေခံနှင့်အဆင့်မြင့် ကိုရီးယားဘာသာစကားကို ဆရာမ ဒေါ်ခိုင်စပယ် (Dip-in Korean, Y.U.F.L) ကိုယ်တိုင် အရေး၊ အဖတ်၊ အပြောနှင့် နားထောင် နိုင်စွမ်းများကို ကျွမ်းကျင်သည်အထိ လေ့ကျင့်သင်ကြားပေးမည်ဖြစ်ပြီး တက်ရောက်လိုသူများ ဖုန်း–၅၇၃၃၈၆သို့ စုံစမ်းနိုင်ကြောင်းသိရသည်။ (က–ပ)

LIFESTYLE

Personal Grooming

SUNRISE

EXECUTIVE



PC WORLD

IT

၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ ထွက်ပြီ။

ဂျာနယ်လောကကို လိုအပ်နေတဲ့ ကျန်းမာရေးအတွက် ...

Health Digest

ဖုန်း-၀၁-၂၉၇၁၃၂

အလိုရှိသည်

(ပြည်တွင်း၌ကျပ်ငွေဖြင့်ခန့်ထားရန်)

မနောမယကျောက်မျက်ရတနာကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။

(၁) ကျွမ်းကျင်ရွှေပန်းထိမ်ဆရာ

ယိုးဒယားပန်းထိမ် အတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်။

(၂) လက်ဝတ်ရတနာ ကျွမ်းကျင်အရောင်းဝန်ထမ်း

ကျောက်မျက်ရတနာနှင့် ပတ်သက်၍ အတွေ့အကြုံရှိပြီး သွက်လက်စွာ ပြောဆိုလုပ်ကိုင်တတ်၍ အများနှင့်ပြေပြစ်စွာ ဆက်ဆံနိုင်သူဖြစ်ရမည်။ ဘူမိဗေဒဘွဲ့ရ(သို့) G.G.A သင်တန်းအောင်မြင်ပြီးသူကို ဦးစားပေးမည်။

အမှတ်စဉ်တိုင်းအတွက် ကျန်းမာရေးကောင်းမွန်ရမည်။ စိတ်ပါဝင်စားသူများသည် ကြော်ငြာပါပြီး တစ်ပတ်အတွင်း ကိုယ်ရေးရာဇဝင်အပြည့်အစုံ၊ မကြာသေးမီက ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ(၃)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သက်ဆိုင်ရာရဲစခန်းမှ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံချက်တို့နှင့်အတူ လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

မနောမယကျောက်မျက်ရတနာကုမ္ပဏီလီမိတက်

အမှတ်(၅၂၇)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ၁၁၂၀၁၊

ရန်ကုန်မြို့။

ဖုန်း-၅၄၉၆၁၂၊ ၅၄၅၇၇၀။

Yan Aung

ဖုန်း ၂၅၆၇၉၉၁၊ ၂၅၆၇၉၉၀

အမည်ပြောင်းခြင်း

ဦးအောင်ခင်၏သား အင်းစိန် အမက(၁) ဗဟို ပထမတန်း(က)မှ မောင်မြတ်သီဟန်အား ယနေ့မှစ၍ မောင်ရဲမင်းခန့်ဟု ပြောင်းလဲခေါ်ပါ ရန်နှင့် မွေးသက္ကရာဇ်အမှန်မှာ ၃-၉-၉၇ နေ့ ဖြစ်ပါကြောင်း။

အမည်ပြောင်းခြင်း

ရန်ကုန်တိုင်း ဒဂုံတောင် အလက (၃)၊ အထက(၃)ခွဲ ဒသမတန်း(က)မှ ကျောင်းသူ အဘဦးကျော်မြင့်၏သမီး မစွန်ပွင့်ခိုင်ဦးအား မဆုလဲ့ဗိုလ်ဟု ပြောင်းလဲခေါ်ပါရန်။

EMPRESS

2003

ပြည်တွင်းမှာအသုံးပြုနေတဲ့

ဆေးဝါးမိတ်ဆက်

ဒေါက်တာမြင့်ဦး

Treasure Publishing House

အဆင်ပြေ Sunshade

Sunshade

Linpo Co.,Ltd

17A, Kaburaye Pagoda Rd, Bahan T/S-

☎- 543816, 545883, 09-80-22250

ခုခံအားကျဆင်းရောဂါ

(Positive)

Ph :377491

ဒေါက်တာချစ်စိုး

M.R.B.S., M.Med.Sc., M.R.C.P.(UK), M.B.S.R (Member of British Society of Rheumatology)

Treasure Publishing House

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	အမည်	မှတ်ပုံတင်	ထိပ်စာ					
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ငါးဖမ်းရေယာဉ်(၂)စင်း ရောင်းရန်ရှိသည်

GT:34.66 ON: 4172– စက်ခွမ်း

GT:58.92 ON: 3272– လက်ခွမ်း

ဆက်သွယ်ရန်လိပ်စာ

၅၂၄၊ အောက်ကြည့်မြင်တိုင်လမ်းမကြီး

ဖုန်း-၂၁၀၂၄၉၊ ၂၂၅၅၄၄။

MYANMAR RYOKO

မီးစက်အမြန်ရောင်းရန်

50 KVA, NISSAN

28 RD, JAPAN

ဆက်သွယ်ရန် ဖုန်း-၆၄၁၁၁၇။

အားထားရတဲ့ သား

စက်တင်ဘာ (၄)ရက်တွင် ကျရောက်သည့် သားငယ် **ရဲမာန်စိုး** **1st(A) T.T.C (PIEC)** ၏ မွေးနေ့ရက်မြတ်မှသည် နှစ်ပေါင်းများစွာတိုင် ကိုယ်ကျန်းမာ စိတ်ချမ်းသာ၍ လိုရာဆန္ဒများ ပြီးပြည့်စုံပါစေ---။

ဖေဖေ - ဦးမောင်မောင်ငွေ
မေမေ - ဒေါ်ငွေငွေရီ
ကိုကို - ကျော်စိုးဟန် **V°(I)°T.T.C°(PIEC)**

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ လမ်း(၅၀)၊ အမှတ်(၁၅)နေ (ဦးအုန်းသွင်) - ဒေါ်စန်းတင်တို့၏သား

မောင်တင်အေး Parita Shipping Agency Ltd.

နှင့်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ်(၈၇)နေ ဦးကျော်ဟိုး - ဒေါ်သင်းရီ(မိဘမေတ္တာဆေးဆိုင်)ကြည့်မြင်တိုင်ညဈေး တို့၏သမီးကြီး

မကေသီဆွေ (ခ) မလွှင်လွှင်မာ B.Sc(Maths)°Q

တို့ကို နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်တွင် ၂၈-၈-၂၀၀၃ရက်နေ့က စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်တင်အေး - မကေသီဆွေ။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

[တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ - ၂၀(၁)]

မြို့နယ်တရားရုံး၊ လှိုင်မြို့နယ်

၂၀၀၃ခုနှစ် တရားမကြီးမှုအမှတ်-၉

ဒေါ်ခင်သန်းနွဲ့	နှင့်	ဦးအုန်း
အမှတ်(၃၁)၊ မဒါးလမ်း၊ မာလကာခြံ၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။		အမှတ်(၂၀)၊ အေဒီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
တရားလို		**တရားပြိုင်**

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ အေဒီလမ်း(ယခုမေခလမ်း)၊ အမှတ်(၂၀)တွင် နေထိုင်ခဲ့ဖူးသူ ဦးအုန်း သိစေရမည်။

သင့်အပေါ် တရားလို ဒေါ်ခင်သန်းနွဲ့က ကတိပဋိညာဉ်အတိုင်း အိမ်မြေအရောင်းအဝယ် မှတ်ပုံတင်စာချုပ်ပြုလုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသောစကားအရပ်ရပ်တို့ ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၃ခုနှစ် စက်တင်ဘာလ ၁၅ရက်(၁၃၆၅ခုနှစ် တော်သလင်းလပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလို ဒေါ်ခင်သန်းနွဲ့၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသူများနှင့်သင်တို့က ထုချေတင်ပြလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကရော ချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၃ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်သစင်စိုး(ဒုတိယမြို့နယ်တရားသူကြီး-၁)
လှိုင်မြို့နယ်တရားရုံး။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်

ရန်ကုန်မြို့၊ ၁၃၆၅ခုနှစ် တော်သလင်းလဆန်း(၉)ရက်
၂၀၀၃ခုနှစ် စက်တင်ဘာလ (၄)ရက်

၁။ ၂၀၀၃ခုနှစ် အောက်တိုဘာလ(၁၅)ရက်မှစ၍ နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် ကျင်းပမည်ဖြစ်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများ၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများအား သတ်မှတ်ချက်များနှင့်အညီ ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူခွင့်ပြုပါမည်။

၂။ ၎င်းအပြင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားလုပ်ငန်းရှင်များအား နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကာလအတွင်း ရတနာပြပွဲကျင်းပမည့် မြန်မာ့ကျောက်မျက်ရတနာခန်းမ မြေညီထပ်တွင် ကျောက်မျက်ရတနာများ ရောင်းချနိုင်ရန် အရောင်းကောင်တာများ စီစဉ်ပေးမည်ဖြစ်ပါသည်။

၃။ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်လိုသူများနှင့် အရောင်းကောင်တာရယူလိုသူများသည် ၂၀၀၃ခုနှစ် စက်တင်ဘာလ ၉ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း မြန်မာ့ကျောက်မျက်ရတနာ အရောင်းခန်းမတွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာဆပ်ကော်မတီရုံးအဖွဲ့နှင့် ကျောက်မျက်ရတနာ ဈေးကြီးကြပ်ရေးအဖွဲ့များနှင့်ဆက်သွယ်၍ ညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

စီးပွားဖြစ်မှိုမျိုးစုံစိုက်ပျိုးရေး (၇)ရက် ရက်တိုသင်တန်း

၁။ သင်တန်းဖွင့်မည့်ရက်များ

(က) အမှတ်စဉ်၅/၂၀၀၃ (၁၅-၉-၂၀၀၃) မှ (၂၁-၉-၂၀၀၃) ထိ

၂။ သင်တန်းအချိန် (နံနက် ၉:၃၀နာရီမှ ညနေ ၄:၀၀ နာရီထိ)

၃။ သင်တန်းတစ်ကြိမ်လျှင် သင်တန်းသား (၅၀)ဦးသာ လက်ခံမည်။

၄။ သင်တန်းကြေး ကျပ်၈၀၀၀၊ စားသောက်စရိတ် ကျပ် ၄၅၅၀၊ အဆောင်ကြေး ကျပ် ၃၅၀။

၅။ အဆောင်နေလိုသူများအတွက် သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့၊ ရပ်ကွက်/ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ ပါတီနိုင်ငံရေးကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်တစ်ပါတည်းပါရှိရမည်။

၆။ သင်ကြားပို့ချမည့်ဘာသာရပ်များ

(က) ပြည်တွင်းစားသုံးမှိုအမျိုးမျိုးမွေးမြူစိုက်ပျိုးနည်း၊
(ခ) ပြည်ပသို့ တင်ပို့ရောင်းချနိုင်သည့်မှိုများ မွေးမြူစိုက်ပျိုးနည်း၊
(ဂ) ဆေးဖက်ဝင်မှိုအမျိုးမျိုး မွေးမြူစိုက်ပျိုးထုတ်လုပ်နည်းများကို သင်ကြားပို့ချပေးပါမည်။

၇။ ပုဂ္ဂလိကစီးပွားဖြစ် စိုက်ပျိုးအောင်မြင်လျက်ရှိသည့် စိုက်ပျိုးခင်းများသို့လည်း လေ့လာရေးခရီးစဉ်များ စီစဉ်ပို့ဆောင်ပေးမည်ဖြစ်ပါသည်။

မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း-၆၆၃၇၄၂၊ ၆၆၅၀၅၉။
လမ်းညွှန် - မင်္ဂလာဒုံကားစီး၍ အေဝမ်းမှတ်တိုင်တွင် ဆင်းပါ။

ထိုက်တန်စွာကျေးဇူးဆပ်ပါမည်

ကျွန်တော် စောဘောမူသော [၁၂/ဒဂန(နိုင်)၀၀၁၇၃၈]၏ နိုင်ငံကူးလက်မှတ် (PP335553)နှင့် အရေးကြီးသော စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အမြန်ဆုံးဆက်သွယ်ပေးပို့ပါရန်။

ဖုန်း-၂၈၇၆၄၉၊ ၆၄၂၂၀၆၊ ၇၀၈၆၅၃၊ ၀၉-၈၀-၂၃၂၁၃။

8, 25 Oct
8, 25 Oct
8, 25 Oct
